University of Mandalay Open Access Repository

| | |
|---|---|
| Title | Soci-economic Life of the Mu Valley During the Kon-baung Period |
| All Authors | Yee Yee Win |
| Publication Type | Local Publication |
| Publisher (Journal name, issue no., page no etc.) | Myanmar Historical Research Journal, No.24 , pg- 73-106 |
| Abstract | Economic and social developments in the Konbaung period are also seen in the Mu valley region. The kings showed their great attachment to this region by adopting and implementing the economic development schemes. Thus King opened a new economic frontier in the fields of agriculture. Mu valley thus emerged as a special economic zone in Myanmar. All these are dealt with in this study, emphasizing on rural society and economy, without leaving out the tripartite relationship of kings, monastic order and people. |
| Keywords | Economic, rural society, monastic order |
| Citation | |
| Issue Date | 2013 |

## ကုန်းဘောင်ခေတ်မူးမြစ်ဝှမ်းလူမှုစီးပွားဘဝ

### ဒေါက်တာရီရီဝင်း

ရွာသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် စတင်ပေါ်လာကတည်းက အခြေခံအကျဆုံးနှင့် အသေးငယ်ဆုံးသော အုပ်ချုပ်ရေးဇကမူဖြစ်သည်။[၁] ကုန်းဘောင်ခေတ်တွင်ပြည်သူတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ ရှစ်ဆယ်ရာနှုန်းကျော်သည် လယ်ယာစိုက်ပျိုးရေးဖြင့်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ကြသူများဖြစ်သည်။ ကျေးရွာတွင် အမှုထမ်းသူများသည် နိုင်ငံရေး၊ စီးပွားရေးကို ဗဟိုပြု၍ နေထိုင်သူများဖြစ်သည်။ အမှုထမ်းတို့ နေထိုင်ကြသော ရွာများတွင် လူမျိုးစုအလိုက် (သို့မဟုတ်) လုပ်ငန်းစုအလိုက် ကွဲပြားခြားနားသည်။ လူမျိုးစုအလိုက်ဆိုရာတွင် ကုလားရွာ၊ ဘုရင်ဂျီရွာ၊ ရှမ်းရွာ၊ လင်းဇင်းရွာစသည်ဖြင့် လည်းကောင်း၊ ဆင်ရွာ၊ မြင်းရွာ၊ လှေရွာစသည်ဖြင့် လည်းကောင်းကွဲပြားကြသည်။ အသည်ရွာများ တွင်လည်းပေးဆောင်ရသည့် အခွန်တော်အမျိုးအစားကို လိုက်၍၊ ငွေခွန်တော်ဆက်၊ ဖယောင်းဆက်၊ ရွှေခွန်တော်ဆက်၊ သစ္စေးဆက်၊ သံဆက်ရွာများဟူ၍ ကွဲပြားကြသည်။ ဘုဂ်သည် လက်အောက်ခံ သူရဲကောင်း၊ စော်ဘွား၊ မြို့စား၊ သူကြီးတို့၏ အကူအညီဖြင့် အုပ်ချုပ်ခဲ့သည်။[၂] ပျူ၊ မွန်၊ မြန်မာများပါဝင်သော မြို့နိုင်ငံများပေါ်ပေါက်လာပြီးယဉ်ကျေးမှုသည် အဓိက ရေသောက်မြစ်ဖြစ်လာသည်။ ခြားနားသော လူမျိုးနှင့်ကွဲပြားသော လူမှုလက္ခဏာများရှိသော်လည်း ယင်းတို့ကို မြို့နိုင်ငံအသီးသီးရှိ လူတစ်ယောက်က အားလုံးကို စုစည်းနိုင်သဖြင့် ဘုရင်ဟူ၍ဖြစ်ပေါ်လာသည်။

မုံရွာ၊ စစ်ကိုင်းနှင့်ရွှေဘိုဒေသများကို ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့က ဝန်းရံထားသည်။ မူးမြစ်ဝှမ်းဒေသတွင် အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ အနောက်ဘက်တွင် ချင်းတွင်းမြစ်ဖြင့် အနားသတ်ထားသည်။ ဧရာဝတီမြစ်သည် မန္တလေးအထိ မြောက်မှတောင်သို့ စီးဆင်းသွားသည်။ မန္တလေးမှတစ်ဆင့် ပုဂံအထိ အနောက်ဘက်သို့ ကွေ့ကောက်စွာဆင်းသွားသည်။ ချင်းတွင်းမြစ်သည် မြောက်ဘက်မှ တောင်ဘက်သို့စီးဆင်းရာမှ ပခုက္ကူအနီးရောက်သောအခါ ဧရာဝတီမြစ်နှင့်ပေါင်းဆုံလာသည်။ မင်းဝံတောင်မှတစ်ပါး မြေပြန့်ဖြစ်ပြီး မင်းဝံတောင်၏တစ်စိတ်တစ်ပိုင်းဖြစ်သော စစ်ကိုင်းတောင်တွင် ထုံးသုတ်ထားသောဘုရားများ၊ ရွှေချထားသော ဘုရားများဖြင့် အထူးလှပတင့်တယ်ပုံကို ဘုရားဖူးများ၊ ဧရာဝတီ

---

[၁] ဂျေအက်စ် ဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင်၊ *စမ္ဗူဒီပဥဆောင်းကျမ်း*၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀၊ စာ ခ

[၂] တိုးလှ၊ *ကုန်းဘောင်ခေတ်ကျေးလက်လူမှုစီးပွားဘဝ* (၁၇၅၂–၁၈၈၅)၊ ရန်ကုန်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၂၊ စာ ၁–၂ (နောင်ကိုးကားလျှင် တိုးလှ၊ ၂၀၀၂ ဟုညွှန်းမည်)

မြစ်ကြောင်းအတိုင်းလာလျှင် ဖူးတွေ့နိုင်သည်။ ဘုန်းကြီးကျောင်းများ၊ ချောင်းများ၊ ရသေ့ရဟန်းများ၊ သီလရှင်များကိုလည်း စစ်ကိုင်းတောင်တွင် တွေ့ရှိရသည်။ ပုဂံခေတ်နောက်ပိုင်းမှစ၍ စစ်ကိုင်းတောင်သည် ဘာသာရေးဌာနတစ်ခုဖြစ်ခဲ့သည်။ ကုန်းဘောင်ခေတ်နောက်ပိုင်း ၁၈၇၄ တွင် စစ်ကိုင်းချောင်တို့တွင် သီတင်းသုံးသောသံဃာတော်များစာရင်းရှိသည်။ ယင်းကိုဆက်ခံနိုင်သော ဝါစဉ်နှင့်ကျမ်းစာ တတ်မြောက်မှုအလိုက် ခွဲခြားထားသည်။ စစ်ကိုင်းချောင်တည်ရှိရာ စစ်ကိုင်းမြို့တွင် ၁၈၉၁ ခုနှစ်တွင် လူဦးရေ ၂၉၃၆၃ ဦးရှိလာသည်။ ထိုလူဦးရေများထဲမှ ဗုဒ္ဓဘာသာဝင် ၂၈၈၇၅ ဦး၊ ဟိန္ဒူဘာသာဝင် ၁၁၃ ဦး၊ အစ္စလာမ်ဘာသာဝင် ၂၉၃ ဦး၊ ခရစ်ယာန်ဘာသာဝင် ၈၀ ဦး၊ နတ်ကိုးကွယ်သူ ၇ဦးတို့ပါဝင်သည်။[၃] စစ်ကိုင်းတောင်တွင် စာသင်တိုက်ကြီးများ၊ တရားအားထုတ်ရာရဟန်း သူတော်စင်တို့၏ ချောင်များက နေရာယူထားသည်။[၄]

မူးမြစ်သည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့်အပြိုင်စီးဆင်းနေရာမှ မြင်းမူမြို့အနီးရောက်သော အခါ ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားသည်။ ထိုဒေသတွင် နေထိုင်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ မူးမြစ်ရိုးတစ်လျှောက် သစ်သီးခြံများ၊ မူးမြစ်နှင့် ခပ်ခွာခွာနေရာတွင် ဆန်စပါးစိုက်ပသော စိုက်ခင်းများကိုလည်း တွေ့ရသည်။ အစိုစိုက်ပျိုးခြင်း၊ အခြောက်စိုက်ပျိုးခြင်းဖြင့် ကြွယ်ဝချမ်းသာကြသော်လည်း ယာလုပ်ငန်းက ပိုမိုတွင်ကျယ်ခဲ့သည်။ သီးသန့်ထားသော ဒေသများဖြစ်သည့် ဒီပဲယင်း၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ဝက်လက်တွင် ဆည်ရေဖြင့်စိုက်ပျိုးကြသည်။ မြင့်သောဒေသတွင် အမြဲရေမရရှိသောကြောင့် ဆည်မြောင်း မရှိသော နေရာတွင် ယာစိုက်ပျိုးရေးသာ ထွန်းကားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် လယ်ယာမြေပိုင်ဆိုင်မှုကို သုံးမျိုးခွဲခြားထားသည်။ ၎င်းတို့မှာ မင်းမြေ (သို့မဟုတ်) အရာတော်မြေ၊ ဝတ္တကာမြေ၊ ဘိုးဘွားပိုင်မြေတို့ဖြစ်သည်။[၅] ရှေးအခါက မြန်မာနိုင်ငံသည်လူဦးရေ ကျဲပါးသဖြင့် လုပ်ကိုင်နိုင်သော တောရိုင်းမြေကများပြားပေသည်။ တောရိုင်းမြေများကို ခုတ်ထွင်တီကျင်း လျက်လယ်ယာမြေသစ်များဖော်ထုတ်ကြရသည်။ ၎င်းကိုဓားမဦးချမြေဟုခေါ်သည်။ ဓားမဦးချမြေသည်

[၃] J.George Scott and J.P Hardiman, Gazetteer of Upper Burma and the Shan States, Part.I, vol.ii, Rangoon, Superintendent, Government printing, 1901, p.47 (Henceforth: Scott and Hardiman, 1901)

[၄] ပါဠိဆရာ၊ ဆရာဝ၊ *စစ်ကိုင်းတောင်နှင့်ဖိုးဝင်းတောင်အကြောင်း*၊ ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၊ ၁၉၃၈၊ စာ ၁၈ (နောင်ကိုးကားလျှင် ဆရာဝ၊၁၉၃၈ ဟုညွှန်းမည်)

[၅] (က) ဦးတင်၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော် အမိန့်တော်တမ်းကြီး၊ အတွဲ-၅၊ ရန်ကုန်၊ ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန၊ ၁၉၈၃၊ စာ ၂၅-၃၂ (နောင် ကိုးကားလျှင် တင်၊ ၁၉၈၃ ဟုညွှန်းမည်)

(ခ) Scott and Hardiman, Part I, vol.ii, 1901, pp.429-434)

သားစဉ်မြေးဆက် အမွေဆက်ခံပိုင်ဆိုင်နိုင်ရုံမျှသာမက ရောင်းပေါင်ပေးကမ်းနိုင်သော မြေမျိုးလည်းဖြစ်သည်။ လယ်ယာမြေသစ်များဖော်ထုတ်တီကျင်းကြသောအခါး ဒေသအလိုက်ထုံးစံရှိရာ အခွန်အခကို ပေးဆောင်ကြရသည်။ဒေသတစ်ခုနှင့်တစ်ခု လယ်ယာမြေသစ် တီကျင်းကြ၍ ပေးဆောင်ရသည့် အခွန်အခ မတူညီသည့်အပြင် ကိုင်းမြေနှင့်ကုန်းမြေတို့၏ အခွန်အခမတူညီသည်ကိုလည်း တွေ့ရသည်။ ထိုကဲ့သို့ တီကျင်းလုပ်ကိုင်ခဲ့သော ဓားမဦးချမြေသည် သားစဉ်မြေးဆက် လုပ်ကိုင်လာသောအခါ ဘိုးဘွားပိုင်မြေဟူ၍ဖြစ်လာသည်။ လယ်ယာသည် ပဒေသရာဇ်စီးပွားရေးစနစ်၏အခြေခံဖြစ်သောကြောင့် လယ်ယာမြေသစ်များ ဖော်ထုတ်ရေးကို ကုန်းဘောင်မင်းအဆက်ဆက်တို့က အားပေးခဲ့ကြသည်။ စီးပွားရေး အခြေအနေများယိုယွင်းပျက်ပြားလာနေသော ရတနာပုံခေတ်နှောင်းကာလတွင်လည်း သီပေါမင်းသည် အမိန့်တော်တစ်ရပ်ထုတ်ပြန်လျက် လယ်ယာမြေသစ်များ ဖော်ထုတလုပ်ကိုင်ကြရန် လှုံ့ဆော်ခဲ့သည်ကို တွေ့ရသည်။[၆] ထိုအမိန့်တော်မှာ–

ပြည်သူအပေါင်းတို့တွင် အခြားအလုပ်အဆောင်အကူးအသန်း အရောင်းဝယ်မှုများထက် တောင်သူလယ်ယာလုပ်ဆောင်သည့် အရာသည်မငြိုမငြင် မခဲမယဉ်းလွယ်လင့်တကူ စီးပွားချမ်းသာ ဖြစ်ထွန်းတိုးတက်ရာသည့်အရင်းမူလပဓာန အလုပ်အဆောင်ဖြစ်သည်။ လယ်ယာအလုပ်အဆောင်မှုများကို အလိုရှိတိုင်း လုပ်ဆောင်နိုင်စေရာသော အကြောင်းကို လည်း ရေမြေ့သနင်းမင်းဇကရာဇ်တို့ သာသနာ ချီးမြှင့်ဆောင်ရွက်တော်မူနိုင်ရာသည်။

နိုင်ငံတော်အတွင် အနီးအဝေးအရပ်ရပ် မြို့ကျေးရွာများမှာ ဘိုးဘ ဓားမဦးချ၊ မြေငွေဝယ်ပေါင်းမြေများမှတပါး အရာတော်နှင့် စပ်ဆိုင်သည့် မြေများတွင မြေလွတ်မြေလပ်ရှိသည်များကို မည်သူမဆိုခုတ်ထွင်တီကျင်း လုပ်ဆောင်လိုလျှင် ပြဋ္ဌာန်းပိုင်းခြားတော်မူသည့် လယ်ယာအလုပ်အဆောင် အခွင့်ပေးဥပဒေအတိုင်း ခုတ်ထွင်တီကျင်းလုပ်ဆောင်ကြစေ။ ခုတ်ထွင်တီကျင်းလုပ်ဆောင်သူတို့မှာလည်း ဥပဒေပါနှစ်ပိုင်းခြားသည့်အတွင် မြေစုမြေခွန်များစ၍ တစုံတရာအကောက်အခွန် အတောင်းအခံမရှိစေနှင့်။ လွတ်ငြိမ်းချမ်းသာစေ။ ခုတ်ထွင်တီကျင်းလုပ်ဆောင်သည့် မြေများကိုလည်း ပြဋ္ဌာန်းပိုင်းခြားသည့် ဥပဒေ

[၆] တိုးလှ၊ မြန်မာ့လယ်ယာမြေနှင့်မြန်မာ့လူမှုဓလေ့၊ လက်နှိပ်စက်မူ၊ စာ ၂၁–၂၂၊ (နောင်ကိုးကားလျှင် တိုးလှ၊ လယ်ယာ ဟုညွှန်းမည်)

ကိုမလွန်ကျူးသမျှ နှစ်ကာလပတ်လုံး အနှုတ်အယူအပြောင်းအလဲမရှိစေနှင့်၊ အမွေခံအမွေစားသားမြေး စဉ်ဆက် ဆင်းသက်ပိုင်ဆိုင်စေ။[၇]

လယ်ယာမြေသစ် ဖော်ထုတ်လုပ်ကိုင်ကြသူတို့သည် တီကျင်းခဲ့သည် လယ်ယာမြေ၏ အနေအထားအလိုက် အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနှစ်နှစ်အထိ အခွန်တော်ကင်းလွတ်ခွင့်ရလေသည်။ စိုက်ပျိုးသောသီးနှံပင်ကိုလိုက်၍လည်း အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ့်နှစ်နှစ်အထိ အခွန်တော် လွတ်ငြိမ်းခွင့်ပေးသည်။ ဘိုးဘွားပိုင်ဟု အသိအမှတ်ပြုကြောင်းလည်း ဖော်ပြထားပေသည်။[၈]

ထို့ပြင် ဝတ္တုကံမြေများနှင့်ပတ်သက်၍လည်း ၃ မျိုးခွဲခြားထားသည်။ ဘုရားမြေ၊ ပိဋကတ်မြေနှင့်ကျောင်းမြေဟူ၍ဖြစ်သည်။[၉] မြေယာပိုင်ဆိုင်မှုစနစ်တွင် ကိုးကွယ်ယုံကြည်မှုအနေဖြင့် နတ်ကို လှူဒါန်းသောနတ်မြေလည်းရှိခဲ့သည်။ ထိုနတ်မြေများတွင် အခွန်တော် လွတ်ငြိမ်းခွင့်ရှိသည်။[၁၀] မုံရွာ ချောင်းဦး မြို့နယ်များတွင် ယာစိုက်ပျိုးမှု ထွန်းကားခဲ့သည်။ ယာတွင်ပြောင်း၊ နှမ်း၊ဝါများစိုက်ပျိုးကြသည်။ ဗဒုံမင်းလက်ထက်(၁၈၁၀–၁၈၁၉)တွင် စီးပွားပျက်ကပ်နှင့် လူမှုရေးမငြိမ်သက်မှုများ ပေါ်ပေါက်လာခဲ့သည်။ စစ်တပ်များကို အာသံ၊ မဏိပူရသို့ စေလွှတ်၍ တိုက်ခိုက်စေခဲ့သည်။[၁၁]

ချောင်းဦး၊ မုံရွာ၊ မြင်းမူတို့တွင် ကျောက်ခေတ်သစ်ကာလ အခြေတကျနေထိုင်မှုများကို တွေ့ရသည်။ ရှေးခေတ်အချိန်အခါကထဲက လူဦးရေတိုးပွားလာပြီး ဖွံ့ဖြိုးခဲ့သော ဒေသဖြစ်သည်။ မနုဿပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များက ထိုဒေသများသို့ သမိုင်းမတင်မီနှင့် ကျောက်ခေတ်ယဉ်ကျေးမှုကို လေ့လာခဲ့သည်။ မကြာခင်က ရှေးဟောင်းသုတေသနတူးဖော်မှုများကို ဘုတလင်မြို့ရှိ ညောင်ကန်ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြသည်။ ပညာရှင်များက ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားကြောင်း ဆုံးဖြတ်ခဲ့ကြသည်။[၁၂] အချို့ပညာရှင်များကမူ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကား

---

[၇] သက္ကရာဇ် ၁၂၄၆ ခု၊တပိုတွဲလဆန်း ၁ ရက်နေ့ (၁၆ ဇန်နဝါရီ ၁၈၈၅)၊ နာခံတော်မင်းလှ၊ မင်းလှမင်းထင်ကျော်နေ့ပြန်အမိန့်တော်၊ ဗတော်စိန်ခို၊ လွှတ်တော်မှတ်တမ်း၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၆၀၊ စာ ၁၇ (နောင်ကိုးကားလျှင် တော်စိန်ခို၊ ၁၉၆၀ ဟုညွှန်းမည်)

[၈] တိုးလှ၊ လယ်ယာ၊ စာ ၂၃

[၉] တင်၊ ၁၉၈၃၊ အတွဲ ၅၊ စာ ၃၅–၃၈

[၁၀] F.N Trager and W.J.Koening, Burmese Sit-tans, 1764-1826 (Records of Rural life and Adminstratin), Tucson, the Uiersity of Arizona Press, 1979 (Henceforth: Trager and Koening, 1979)

[၁၁] ဦးမောင်မောင်တင်၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ၃ တွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၀၀၊ စာ ၁၈၉–၁၉၇ (နောင်ကိုးကားလျှင် မောင်မောင်တင်၊ ၁၉၀၀ ဟုညွှန်းမည်)

[၁၂] Proceding of the Workshop on Bronze Age Culture in Myanmar, Yangon, Universitites Historical Research Centre, 1999

ကြောင်း ဆုံးဖြတ်ရန် သံသယရှိခဲ့ကြသည်။[၁၃] မူးမြစ်ဝှမ်းဒေသတွင် ကျောက်ခေတ်မှ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ်များအားလုံးတို့ ထွန်းကားခဲ့သည်ကို တွေ့ရသည်။

သမိုင်းမတင်မီခေတ်ယဉ်ကျေးမှုနေရာတွင် မြို့ပြယဉ်ကျေးမှုက နေရာယူလာခဲ့ပြီး ၃၀၀ ဘီစီ သို့မဟုတ် ခရစ်သက္ကရာဇ်မတိုင်မီအချိန်ကတည်းက ပေါ်ပေါက်ခဲ့သည်။ မူးမြစ်ဝှမ်းဒေသအတွင်း အစောဆုံးထွန်းကားခဲ့သော မြို့ပြယဉ်ကျေးမှုသည် ဝက်လက်မြို့နယ်ရှိ ဟန်လင်း ဖြစ်သည်။ ယင်းကို ဗဟိုပြု၍ ယဉ်ကျေးမှုသည် သမိုင်းတစ်လျှောက်လုံးထွန်းကားခဲ့သည်။ ဟန်လင်းမြို့ပြယဉ်ကျေးမှုကို ရှေးဟောင်း သုတေသနပညာရှင်များက အေဒီ ၁ ရာစုမှ ၆ ရာစုဟု သတ်မှတ်ခဲ့သည်။[၁၄] ဟန်လင်းမြို့သည် ပျူမြို့ တစ်မြို့ဖြစ်သည်။ ပျူမြို့တော်တစ်မြို့၏ ဘာသာစကား၊ လူမျိုးများ၊ တိမ်ကောသွားသော်လည်း ယဉ်ကျေးမှုဆိုင်ရာ အမွေပစ္စည်းများအဖြစ် ကျောက်စာများ၊ အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ တံဆိပ်တုံးများ၊ ငွေဒင်္ဂါးများ၊ ဆုံလည်ခွက်များကျန်ရှိခဲ့သည်။ ဟန်လင်းခေတ်တွင် ငွေဒင်္ဂါးများကို အမှတ်လက္ခဏာ သို့မဟုတ် အထိမ်းအမှတ် သို့မဟုတ် ငွေကြေးလဲလှယ်ရေးပစ္စည်းအဖြစ် အသုံးပြုကြောင်း ယခုထိတိုင် မသိရှိရချေ။

ပုဂံခေတ်ကတည်းက မူးမြစ်ဝှမ်းဒေသသည် ရှေးကထက် ပိုမိုထွန်းကားလာသည် ပုဂံလက်နက် နိုင်ငံထူထောင်ချိန်က အုပ်ချုပ်ရေးနယ်မြေအပိုင်းအခြားများအဖြစ် ပြည်၊ ခရိုင်၊ တိုက်၊ ရွာ၊ ရပ်၊ ခွင် စသည်ဖြင့်ရှိခဲ့သည်။ ခရိုင်ဒေသများမှာ အများအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိပြီး တိုက်များမှာ အနောက်ဘက်တွင် ရှိခဲ့ကြသည်။ ယင်းခရိုင်နှင့်တိုက်တို့မှာ မြန်မာများစတင်အခြေစိုက်ပြီး တဖြည်းဖြည်းတိုးချဲ့လာသည်။ ခရိုင်သည် ဗဟိုအချက်အချာကျခြင်း အဓိပ္ပါယ်ရှိ၍ တိုက်သည် ကြီးမား ကျယ်ပြန့်လုံခြုံခြင်း သဘောဆောင်သည်။[၁၅] တိုင်းပြည်၏ ပဓာနစီးပွားရေးသည် ဆည်ရေသောက်လယ် ဖြစ်ပြီး မြန်မာများစတင်သိမ်းယူသော ဆည်ရေသောက်လယ် ဒေသကို ခရိုန် (အသံထွက်ခရိုင်)လို့ ခေါ်ပြီး နောက်မှတိုးချဲ့သော လယ်အရပ်များကို တိုက်ဟုခေါ်လာသည်။ ကျောက်ဆည်ကို မြစ်သားဆယ့်

---

[၁၃] Dr Lan C. Glover “Observations on a vist to the Nyaunggan Archaeological site, Myanmar, January $2^{nd}$ – $4^{th}$ 1999 and comments ofon the Lutrue possibilities of research there

[၁၄] (က) U Myint Aung, “ The Excavations at Hanlin”, Journal of the Burma Research Society, Llll,ii, 1970, p.53-58

(c) Than Tun, “North-South Alignment of Burma’s old Walls, Tonan A Jia, Kenkya, Vol.14, No.4, March 1977, p.592

[၁၅] တိုးလှ၊ ချင်းမြစ်မြစ်သာမူးဧရာ၊ ရန်ကုန်၊ ဒေါ်ချီမုံရွာအော့ဖ်စက်၊ ၁၉၉၅၊ စာ ၄ (နောင်ကိုးကားလျှင် တိုးလှ၊ ၁၉၉၅ ဟုညွှန်းမည်။)

တစ်ခရိုင်၊ မင်းဘူး၊ စလင်း စသောနယ်ကို ခြောက်ခရိုင်၊ မန္တလေးနယ်ကို တောင်ပြုံးခရိုင်ဟု ခေါ်သည်။ ဧရာဝတီမြစ်သည် နှစ်စဉ်ရေလျှံပြီး နုန်းကျသော အရပ်တွင် ဘူး၊ ဖရုံ၊ သခွား၊ ပဲစိုက်ခင်းများရှိလာသည်။ အထူးသဖြင့် တိုက်ဒေသကို ခရစ်တစ်ဆယ့်သုံးရာစုနှစ်ကမှ တိုးချဲ့သော ဆည်ရေသောက်လယ်များဖြစ်၍ ဧရာဝတီနှင့်ချင်းတွင်းမြစ်ကြားတွင် လတုယ်တိုက်၊ မုဆိုင်ဝ်ခြမ်တိုက်၊ မုဆိုဖိုဝ်တိုက်၊ ပင်စည်တိုက်၊ ညံသာတိုက်၊ ချင်းတွင်း အနောက်ဘက်ကမ်းတွင် ပင်ကျီဆယ်တိုက်၊ ဧရာဝတီ၏ အနောက်ဘက်ကမ်းတွင် တမာခါးတိုက်၊ ပူစဝ်တိုက်၊ မုန်တောင်တိုက်များရှိခဲ့သည်။ စပါးစိုက်ခင်းချဲ့ခြင်းသည်လူဦးရေများလာခြင်း၊ စီးပွားရေးကောင်းပြီး ရေလုပ်ငန်း၊ ဆားလုပ်ငန်း၊ ကျောက်သံပတ္တမြား၊ ငွေ၊ ခဲ၊ ကြေး၊ တူးဖော်ရေးများတိုးတက်လာ၍ ဖြစ်သည်။ ထိုကဲ့သို့ လူအား၊ ငွေအားကြီးလာ၍ စေတီ၊ ပုထိုး၊ ကျောင်းကန် တည်ဆောက်သော နှုန်းထားလည်းမြင့်လာသည်။ တိုက်ခရိုင်ထက်တိုးပြီး နိုင်ငံထူထောင်ဖို့ အင်အားလည်းရလာသည်။ တိုက်ခိုက်သိမ်းယူသော နယ်ကို "နိုင်"ဟုခေါ်၍ မဟာမိတ်ဖွဲ့၍ရသော နယ်ကို "ငံ"ဟုခေါ်လာကြဟန်ရှိကြောင့်ဖြင့် ဆရာကြီးဒေါက်တာသန်းထွန်းက ဖွင့်ဆိုပြဖူးသည်။[၁၆]

ပုဂံခေတ်ကျောက်စာများတွင် ခရိုင်သည် ဗမာများ စတင်နေထိုင်သော မူလဒေသဖြစ်ပြီး တိုက်သည်ခရိုင်မှဒုတိယအကြိမ် တိုးချဲ့နေထိုင်သောနေရာဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းမြေပုံအရ ခရိုင်တွင်ကျောက်ဆည်၊ မတ္တရာ၊ မင်းဘူးတို့ပါဝင်သည်။ သို့သော် မင်းဘူးမှလွဲ၍ခရိုင်သည် ဧရာဝတီမြစ် ၏ လက်ဝဲဘက်ကမ်းတွင်တည်ရှိသည်။ မူးမြစ်ဝှမ်းဒေသတို့တွင် တိုက်ကို တွေ့ရှိရ၍ ဧရာဝတီနှင့်ချင်းတွင်းမြစ်၏လကျာ်ဘက်တွင် တည်ရှိသည်။ တိုက်တွင်တွေ့ရှိရသော အမည်များသည် ရွာအမည်ဖြစ်ဖို့ များသည်။ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုဒေသသည် တိုက်ထဲတွင်ပါဝင်သည်။ ပုဂံနှင့်ပုဂံလွန်ခေတ်တွင် တိုက်ကို တွေ့ရှိရသည် ၎င်းတို့မှာ–

ခက်လုံ[၁၇] (မတွေ့ရှိရသေး)

ညံသာ[၁၈] (တန့်ဆည်)

ပုစော[၁၉] (မတွေ့ရှိရသေး)

---

[၁၆] သန်းထွန်း၊ ပုဂံခေတ်နိုင်ငံရေးသမိုင်း၊ရန်ကုန်၊ ဖိုးဝအော့ဖ်ဆက်၊ ၂၀၀၅၊ စာ ၆–၇ (နောင်ကိုးကားလျှင် သန်းထွန်း၊ ၂၀၀၅ ဟုညွှန်းမည်။)

[၁၇] ဦးငြိမ်းမောင်၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၉၈၊ အတွဲ ၄ စာ ၆၀ (နောင်ကိုးကားလျှင် ငြိမ်းမောင်၊ ၁၉၈၈ ဟုညွှန်းမည်။)

[၁၈] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၉

ပိတ်ဆဲ[၂၀] (မတွေ့ရှိရသေး)

ပြည်တော်သာ (စစ်ကိုင်း)

မုဆိုးခြံ[၂၁] (ဝက်လက်)

မုဆိုးဘို [၂၂](ရွှေဘို)

မုန်ကြိုင်[၂၃]

မြောင်[၂၄]

လှထွေ[၂၅]

လက်ရွေး[၂၆]

ဟန်လင်း[၂၇] တို့ဖြစ်သည်။

ပုဂံလွန်ခေတ်များတွင် တိုင်းဟူသော ဝေါဟာရကို တွင်ကျယ်စွာသုံးစွဲလာသည်။ ပထမတွေ့ရှိရသော တိုင်းတို့မှာ သုနာပရန္တနှင့် တမ္ပဒီပတိုင်းတို့ဖြစ်သည်။ တမ္ပဒီပတိုင်းကို ပုဂံခေတ်ထိုးသျှင်ဒီသာပြမုတ်ကျောက်စာ၌တံပြဒိတ်ပြည်ဟု သုံးခဲ့သည်။ တိုင်းပြည် ပြည်နှင့်အနက် အဓိပ္ပါယ်တူ သဘောဆောင်နေပါသည်။ စင်စစ် ယင်းတိုင်းနှစ်တိုင်းသည် ဧရာဝတီမြစ်၏အရှေ့ဘက်နှင့်အနောက်ဘက်တွင် တည်ရှိသဖြင့် ဗမာတို့ လွှမ်းချုပ်နေထိုင်ရာအရင်းမူလအုပ်ချုပ်ရေးနယ်မြေကြီး နှစ်ရပ်ဟု ဆိုနိုင်ပါသည်။[၂၈]

ပုဂံခေတ် (အေဒီ ၁၀၄၄–၁၂၉၈) တွင် မြန်မာအလယ်ပိုင်းကို သုနာပရန္တတိုင်း (ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းဒေသ)နှင့် တမ္ပဒီပတိုင်း (ကြေးနီအဆင့်ရှိမြေ) ဟူ၍ ၂ မျိုးခွဲခြားထားသည်။ ထိုတိုင်း (၂)တိုင်းကို ဧရာဝတီမြစ်က ပိုင်းခြားပေးထားသည်။ သုနာပရန္တ၏ ပထဝီဝင် အနေအထားမှာ အရှေ့ဘက် နယ်နိမိတ်ကို ဧရာဝတီမြစ်ဖြင့် အနားသတ်ထားပြီး အနောက်ဘက် နယ်နိမိတကို အနောက်ရိုးမ ချင်းတောင်တန်းဖြင့် အနားသတ်ထားသည်။ မူး၊ ချင်းတွင်း၊ မြစ်သာနှင့် ယောချောင်းတို့သည်

[၁၉] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၁၄၉
[၂၀] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၉
[၂၁] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၉
[၂၂] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၉
[၂၃] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၂၆၅
[၂၄] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၁၇၄
[၂၅] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၆၈
[၂၆] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၁၉၀
[၂၇] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၉
[၂၈] တိုးလှ၊ ၁၉၉၅၊ စာ ၄–၅

ထိုဒေသအတွင်း စီးဆင်းနေကြသော အဓိကမြစ်ချောင်းများ ဖြစ်ပေသည်။ မြစ်သာမြစ်မှ လွဲ၍ အားလုံးသည် ဧရာဝတီမြစ်၏ မြစ်လက်တက်များဖြစ်သည်။

ထို့ပြင်ခရိုင်သည် မင်းဘူး ၆ ခရိုင်မှလွဲ၍ တမ္ပဒီပတိုင်းထဲတွင် ပါဝင်ပြီး တိုက်သည် သုနာပရန္တတိုင်းထဲတွင် ပါဝင်သည်။ မြန်မာသမိုင်းတွင် မူးမြစ်ဝှမ်းဒေသရှိတိုက်သည် ခရိုင်ပြီးလျှင် ဒုတိယအရေးပါဆုံးဒေသဖြစ်သည်။ ခရိုင်သည် မြန်မာတို့ ပထမဆုံးစတင်နေထိုင်ရာဖြစ်၍ တိုက်သည် ဒုတိယအကြိမ်တိုးချဲ့နေထိုင်ရာနေရာဖြစ်ခဲ့သည်။ ခရိုင်သည် ဆန်စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးခဲ့ပြီးတိုက်သည် သီးနှံမျိုးစုံစိုက်ပျိုးရာနေရာဖြစ်ခဲ့သည်။ ဆန်စပါး၊ နှံစားပြောင်း၊ ငှက်ပျော၊ ဝါ၊ ပဲ အမျိုးမျိုးတို့ကို စိုက်ပျိုးကြသည်။ ထို့ပြင်တိုက်သည် သီးနှံနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အလွန်အရေးပါသည်။ ဧရာဝတီမြစ်သည် တမ္ပဒီပတိုင်းနှင့် သုနာပရန္တတိုင်းကိုပိုင်းခြားထားပြီး မန္တလေးမှ ပုဂံအထိ အရှေ့အနောက်စီးဆင်းသည်။ မြစ်နှစ်သွယ်ကြားဒေသသည် မြောက်ဘက်တိုက် သို့မဟုတ် သုနာပရန္တတိုင်း ကိုထဲတွင် ပါဝင်သည်။ မြန်မာရှေးဟောင်းမြို့တော်များဖြစ်သော ပုဂံ၊ ပင်းယ၊ အမရပူရ၊ အင်းဝ၊ မန္တလေးတို့သည် တမ္ပဝတီတိုင်းထဲတွင်တည်ရှိခဲ့သည်။

မြောက်ဘက်တိုက်တွင် ရှေးဟောင်းမြို့တော်များအဖြစ် စစ်ကိုင်း (၁၃၁၅–၁၃၆၄)၊ ရွှေဘို (၁၇၅၂–၁၇၆၃) တို့သည် အချိန်ကာလတိုတောင်းစွာဖြင့် တည်ရှိခဲ့ကြသည်။ သို့သော်ထိုဒေသသည် စီးပွားရေးအရ သယံဇာတပေါများသောဒေသလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာဘုရင်များသည် ထိုအချက်ကို အားထားနေခဲ့ကြသည်။ စစ်ကိုင်းဘုရင် အသင်္ခယာစောယွန်း (၁၃၁၅–၁၃၂၃)၊လက်ထက်တွင် စစ်ရေးနိုင်ငံရေး အာဏာကို အခြေခံ၍ မြောက်ဘက်တိုက်၌ မြင်းတပ်၉ ခု ဖွဲ့ခဲ့သည်။ ထူပါရုံဘုရားမြောက်ဘက်တံတိုင်းအနီးတွင်ရှိသော သကျမုနိကျောက်စာတွင် အသင်္ခယာစောယွန်းဖွဲ့စည်းခဲ့သော မြောက်ဘက် မြင်းကိုးသင်းအကြောင်းဖော်ပြပါသည်။[၂၉] ယင်းတို့မှာ–

စောဘွတ်အုံး[၃၀]

ဇရပ်[၃၁]

ညောင်ဝန်း[၃၂]

[၂၉] တိုးလှ၊ ၁၉၉၅၊ စာ ၄၉–၅၀

[၃၀] အတိအကျမသိရှိရပါ။

[၃၁] ဇရပ်ကျေးရွာသည် စစ်ကိုင်းမြို့နယ်တွင်ပါဝင်သည်။

[၃၂] ညောင်ဝန်းသည် စစ်ကိုင်း (သို့) ကနီတွင်ရှိသည်။

ထိန်ကြိုင်[၂၃]

ပန်နောက်[၂၄]

မင်းဆယ်နက်[၂၅]

ရဲချင်း[၂၆]

လက်ရွေးငယ်[၂၇]

အုပ်ရှစ်[၂၈] တို့ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် မြင်းတပ်ဖွဲ့သစ်များလည်း ဖွဲ့စည်းထားရှိသည်။ ခွက်ခွင်းရွာသည်လည်း အပါအဝင်ဖြစ်သည်။[၂၉]မြောက်ဘက်တိုက်တွင်မြင်းရွာပါဝင်ပြီး မြောက်ဘက်တိုက်သည်လည်းတောင်ဘက်တို့ကဲ့သို့ အရေးပါလာသည်။ ပုဂံလွန်ခေတ်ဘုရင်များသည် မြင်းရွာ တိုးတက်မှုကို စိတ်ဝင်စားခဲ့သည်။ ခေတ်ပြိုင်အထောက်အထားအရ ထိုနယ်အကြောင်းကို စစ်ရေး၊ စီးပွားရေး၊ ဘာသာရေးဟူ၍ ၃ မျိုးခွဲခြားလေ့လာနိုင်သည်။ ပင်းယခေတ် (အေဒီ ၁၂၉၈–၁၃၆၄)၊ ကုန်းဘောင် (အေဒီ ၁၇၅၂–၁၈၈၅) တွင် ဘုရင်သည် ဒေသခံများကို စစ်အမှုထမ်းတပ်ဖွဲ့အဖြစ် ဖွဲ့စည်းပြီး စစ်သုံ့ပန်းများကို မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် အိမ်နီးချင်းနိုင်ငံများမှ ခေါ်ဆောင်၍ လက်နက်ကိုင်တပ်ဖွဲ့အဖြစ် ဖွဲ့စည်းပြီး နေမြေလုပ်မြေပေးချနေထိုင်စေခဲ့သည်။ အစောဆုံးစစ်သုံ့ပန်းများအခြေတကျနေထိုင်မှုကို လေးသောင်း (ဒီပဲယင်း)တွင် တွေ့ရပြီး ယင်းတို့မှာ လဝတို့ ဖြစ်သည်။ စစ်ကိုင်းနှင့်ရွှေဘိုမြို့သည် မြင်းတပ်နှင့် သေနတ်ကိုင် စစ်သည်တော်တို့နေထိုင်ရာ ဌာနချုပ်ဖြစ်ခဲ့ပြီး မုံရွာဒေသရှိ အလုံသည် နန်းတွင်းလုံခြုံရေးအတွက် ဘုရင့်သက်တော်စောင့်တပ်ထားရှိရာဌာနချုပ်ဖြစ်ခဲ့သည်။

ပုဂံဘုရင်များသည်သုနာပရန္တတိုင်းအတွင်းရှိ လူဦးရေကို တိုးပွားရန် ကြိုးစားခဲ့သည်။ ပုဂံဘုရင်များ၏ ရည်ရွယ်ချက်မှာ မူးမြစ်ဝှမ်းဒေသတွင် ဗုဒ္ဓဘာသာဖွံ့ဖြိုးတိုးတက်ရန်၊ လယ်ယာမြေသစ်များ

---

[၂၃] ထိန်ကြိုင်သည် မုံရွာတွင် တည်ရှိသည်။ အချို့ရွာများသည် ရွာအမည်ပြောင်းသဖြင့် အတိအကျ မပြောနိုင်ချေ။

[၂၄] အတိအကျမသိရှိရပါ။

[၂၅] အတိအကျမသိရှိရပါ။

[၂၆] ရဲချင်းသည် အရာတော်တွင်ရှိသည်။

[၂၇] လက်ရွေးငယ်သည် ရွှေဘိုတွင်ရှိသည်။

[၂၈] အုပ်ရှစ်သည် စစ်ကိုင်း (သို့) အရာတော်တွင်ရှိသည်။

[၂၉] Dr.Than Tun, The Royal Order of Burma (AD. 1598-1885), Kyoto, The Centre for Southeast Asian Studies, Kyoto University, Vol.V, 1986, p.726 (Henceforth: Than Tun, 1986)
ခွက်ခွင်းရွာသည် မြင်းမူနယ်တွင်ရှိသည်။

ဖော်ထုတ်၍ စေတီပုထိုးနှင့် ဘုန်းကြီးကျောင်းများသို့ လှူဒါန်းရန်နှင့် စစ်သုံ့ပန်းများကို နေရာချ ထား နေထိုင်စေရန် တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည်။ ပုဂံခေတနှင့် ပုဂံလွန်ခေတ်ကျောက်စာများတွင် မင်းများ၊ သူကောင်းမျိုးများနှင့် ရဟန်းတို့ပူးပေါင်းဆောင်ရွက်ချက်များအကြောင်းတွေ့ရှိရတတ်သည်။ [၄၀] သုနာပရန္တတိုင်းသည် ပုဂံပျက်သုန်းပြီးနောက်တွင် လူဦးရေထူထပ်ပြီး ဖွံ့ဖြိုးလာသော ဒေသဖြစ်လာသည်။

**ကျေးရွာအုပ်ချုပ်ရေး**

ကုန်းဘောင်ခေတ်ဖြစ်သော မြေဒူးမင်း (အေဒီ ၁၇၆၃–၁၇၇၆) နှင့် ဗဒုံမင်း (အေဒီ ၁၇၈၂–၁၈၁၉) လက်ထက်တွင် စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းများကို သာလွန်မင်းက စတင်ကောက်ခံခဲ့သည်။ စစ်တမ်းကောက်ခံရခြင်းမှာ ညောင်ရမ်းမင်းလက်ထက်မှစ၍ ကျယ်ပြန့်စွာဖွဲ့စည်းထားသောအစုအငန်းတို့ ရောထွေးယှက်တင်ခြင်းမရှိစေရန်ဖြစ်သည်။ တစ်နည်းအားဖြင့် အစဉ်အလာ ရိုးရာကြီးစိုးအုပ်ချုပ်မှုကို ခိုင်မြဲစလို၍ဖြစ်သည်။ ထို့အပြင် ရိုးရာဆက်ခံအုပ်ချုပ်ရေးစနစ် ခိုင်မြဲလျှင် ဗဟိုအုပ်ချုပ်ရေးယန္တရားကောင်းစွာလည်ပတ်နိုင်မည်ဟူသော ယုံကြည်ချက်အခြေခံအကြောင်းကြောင့်ဖြစ်သည်။ သို့သော် ၁၇၅၂ တွင် ပြည်တွင်းစစ်ဖြစ်ပွား၍အင်းဝနေပြည်တော်နှင့်အတူ စစ်တမ်းလိပ်း ပျက်စီးဆုံးရှုံးရသည်။ မြေဒူးမင်း (၁၇၆၃–၇၆) လက်ထက်တွင် အရေးကြီးဆုံးဖြစ်သော စစ်တမ်းစတင်ကောက်ခံသည်။ သို့သော် ပြီးဆုံးအောင်မြင်ခြင်းမရှိခဲ့ချေ။ ဗဒုံမင်း (အေဒီ ၁၇၈၂–၁၈၁၉) လက်ထက်တွင် စစ်တမ်းကောက်ခံခဲ့သည်။ စစ်တမ်းများသည် စီးပွားရေးအတွက်သော်လည်းကောင်း၊ အခွန်တော်အတွက်လည်းကောင်း၊ ကောက်ခံခဲ့ခြင်းမဟုတ်ချေ။ အများစုစစ်တမ်းများမှာ သာသနာမြေနှင့် အရိုးဆက်ခံမှုသိရှိနိုင်ရေးသာ မဓာနဖြစ်သည်။[၄၁] ဒေသအကြီးအကဲ ရိုးရာဆက်ခံပုံ၊ ဒေသအကြီးအကဲ၏အုပ်ချုပ်ရေးနယ်ပယ်အကျယ်အဝန်း၊ စီရင်ပိုင်ခွင့်အာဏာနှင့် မင်းကချီးမြှင့်သောတာဝန်ရာထူး၊ အစီးအနင်းအဆောင်အရွက်များကို သိရှိရန်ဖြစ်သည် များစွာသော စစ်တမ်းများသည် ပုံနှိပ်ထုတ်ဝေပြီး အချို့သောစစ်တမ်းများသည် ပုံမနှိပ်ရ

---

[၄၀] တိုးလှ၊ "ပုဂံလွန်ခေတ်လူမှုအဖွဲ့အစည်း"၊သုတေသနစာတမ်း၊ ၃၁ ဩဂုတ် ၂၀၁၃ တွင် ဒေါက်တာသန်းထွန်း၊ သဘာပတိပြုလုပ်ပြီး ဖတ်ကြားသော သုတေသနစာတမ်း၊ စာ ၁၅–၁၆

[၄၁] ဒေါက်တာတိုးလှ၊ အလောင်းမင်းတရားကြီး၏ကုန်းဘောင်ရွှေပြည်၊ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်၊ ၁၉၉၃၊ စာ ၄၀–၄၉ (နောင်ကိုးကားလျှင် တိုးလှ၊ ၁၉၉၃ ဟုညွှန်းမည်။)

သေးသော ပုရပိုက်များကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် တွေ့ရှိရသည်။ ထိုအထောက်အထားကို အသုံးပြု၍ပညာရှင်များ လေ့လာနိုင်သည်။

ကုန်းဘောင်ခေတ် လူမှုအဖွဲ့အစည်းတွင် လူဦးရေစာရင်းကောက်ခံခြင်းမျိုး မရှိခဲ့ဘူးချေ။ သို့သော် အချို့သော အထောက်အထားကို အခြေခံ၍ ဒေသတစ်ခု၏ လူဦးရေကို ခန့်မှန်းနိုင်သည်။ အမရပူရပထမမြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက် မြောက်ထားဝယ်အစုအမှုထမ်း၊ တောင်ထားဝယ်အစုအမှုထမ်း၊ မြောက်တစ်ရာ့ငါးဆယ်အစုအမှုထမ်း၊ မြောက်မာရဘင်အစုအမှုထမ်း၊ ရွှေပြည်မှန်ကင်းအစုအမှုထမ်း ဟူ၍အတွင်းခြောက်စုကိုယ်ရံတော်အမှုထမ်းစာရင်များကို တွေ့ရှိရသည်။[၆၂] ထိုအမှုထမ်းတို့သည် ကပဲ့ရွာ၊ ကန်ဖြူရွာ၊ ကျောက်ကာရွာ၊ ချင်းတွင်းရွာ၊ တောင်မတောရွာ၊ မန်ကျည်းစောက်ရွာ၊ မောက်တက်ရွာ၊ ရွာတုံရွာ၊ ဝါးရောင်းရွာ၊ ဝက်ရဲရွာ၊ သာစည်ရွာ၊ သစ်ဆိမ့်ရွာများတွင် နေထိုင်ကြသည်။ ယင်းတို့သည် မြောက်ထားဝယ်အစုအမှုထမ်းများဖြစ်သည်။ ကင်းစမ်း၊ ကြေးမုံ၊ ခင်မွန်၊ ခုံငြင်းဆိပ်၊ တုံတစ်ရွာ၊ နွားထိန်း၊ဘုတလင်၊ ဘော်ကာ၊ မုံရွေး၊ မြေနက်၊ ရဲထွက်၊ ရွာပုလဲ၊ ဝက်ခဲ၊ အင်တိုင်း၊ အင်းမရွာများတွင် တောင်ထားဝယ် အစုအမှုထမ်းများနေထိုင်ကြသည်။ ကပိုင်၊ ကျဘိုး၊တောပု၊ တောင်ပုံ၊ တမ်းခွန်တိုင်၊ ဘုတလင်၊ မြေနဲ၊ ရွာသစ်၊ လယ်စင်၊ အောင်ချမ်းသာရွာများတွင် မြောက် ၁၅၀အစုအမှုထမ်းများနေထိုင်ကြသည်။ ညောင်ပင်စောက်၊ ပုရစ်ကုန်းတောင်ရွာ၊ ပုရစ်ကုန်းမြောက်ရွာ၊ မုံရွာ၊ ရွာသစ်၊ ရှစ်ဆယ်ရွာ၊ လေ့ကူး၊ သက်ကယ်ကျင်း၊ အောင်ချမ်းသာ၊ အောင်သာရွာများတွင် တောင် ၁၅၀ အစုအမှုထမ်းများ နေထိုင်ကြသည်။ ငပယင်းရွာ၊ ညောင်ကန်ရွာ၊ မောင်းထောင်ရွာများတွင် မြောက်မာရဘင် အစုအမှုထမ်းများနေထိုင်ကြသည်။ နဂါးတွင်း၊ မအူ၊ ရဲချင်း၊ အရာတော်ရွာတို့တွင် ရွှေပြည်မှန်ကင်း အစုအမှုထမ်းများနေထိုင်ကြသည်။[၆၃]

စစ်မှုထမ်းရာတွင် အိမ်ထောင် ၁၀စုလျှင် တစ်ဦးစစ်မှုထမ်းရသည်။ ထိုအစဉ်အလာကို အခြေခံ၍ တွက်ချက်ကြည့်လျှင် အလုံး၌အိမ်ထောင်စု ၄၄၁၄၀ ရှိ၍ စစ်မှုထမ်းသူမှာ ၄၄၁၄ ရှိလာသည်။ ထိုသို့တွက်ချက်ရာတွင် အသည်လူတန်းစားကို ဖယ်ထုတ်ထားသည်။ ဗဒုံမင်းလက်ထက်တွင် ၁၇၈၃ တွင် တစ်ကြိမ်၊ ၁၈၀၄ တွင် တစ်ကြိမ်စစ်တမ်းနှစ်ကြိမ်ကောက်ခံခဲ့သည်။ ၁၇၈၃ တွင် အလုံး၌ ပထမအကြိမ်

---

[၆၂] ဦးမောင်မောင်တင်၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၅၊ ဏာ ၂၇၈-၂၇၉ (နောင်ကိုးကားလျှင် မောင်မောင်တင်၊ ၂၀၀၅ ဟုညွှန်းမည်)

[၆၃] မောင်မောင်တင်၊ ၂၀၀၅၊ စာ ၂၇၈-၂၈၂

စစ်တမ်းကောက်ခံရာ အိမ်ခြေ ၁၇၄၁၈ [၄၄]ရှိသည့်အနက် အစုအမှုထမ်း ၉၆၈၄[၄၅] ရှိလာသည်။ အိမ်ထောင်တစ်စုလျှင် မိသားစု ၄ ဦးကျဖြင့် တွက်လျှင် လူဦးရေ ၆၉၆၇၂ ရှိမည်ဟု မှန်းဆရသည်။ အလုံသည် ကုန်းဘောင်ခေတ်တွင် အခွန်ဆောင်ပြည်သူထက် စစ်သားကများ၍ စစ်သည်အမှုထမ်းတို့ နေထိုင်သော နေရာဒေသဟု ခေါ်နိုင်သည်။ အလုံသည် နိုင်ငံတော်ပြည်တွင်းပြည်ပ အရေးအခင်းများဖြစ်ပေါ်တိုင်း အားထားရသော စစ်သည်အမှုထမ်းတို့ နေထိုင်ရာမြို့ဖြစ်သည်။ ထို့ကြောင့် နန်းတွင်းလုံခြုံရေးမှအစ ကုန်းဘောင်ခေတ်နှောင်းမြန်မာမင်းများ လက်ထက်အလုံကို အာထားခဲ့ခြင်းဖြစ်သည်။ ဘိုးတော်ဘုရားသည် ဗဒုံမြို့ကို စားရသဖြင့် ဗဒုံမင်းသားဟု ထင်ရှားခဲ့သည်။ နှောင်တွင် ဗဒုံမင်းဟုထင်ရှားသည်။ ထိုမင်းလက်ထက်မှ စ၍ဗဒုံသည်သည် မြန်မာ့သမိုင်းတွင် ရှေးကထက်ပို၍အရေးပါလာကာ စစ်သည်မြို့တစ်မြို့ဖြစ်လာခဲ့သည်။ ဗဒုံသည် ရန်အပေါင်းမှ လုံခြုံသဖြင့် လုံခြုံသဖြင့် အလုံဟုလည်း ပြောင်းလဲသမုတ်ခဲ့သည်။[၄၆] အလုံမြို့ဝန်အဖြစ် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များတွင် မဟာဗန္ဓုလ၊ ကင်းဝန်မင်းကြီးနှင့် မင်းလက်ဝါးတို့ပါဝင်သည်။ ၎င်းတို့သည် အလုံကို အုပ်ချုပ်ခဲ့သောသူများဖြစ်သည်။ အလုံရှိ လက်နက်ကိုင်တပ်ကို ဇယားဖြင့် ဖော်ပြပေးလိုက်ပါသည်။

**ဇယား–၁**

**အလုံရှိလက်နက်ကိုင်တပ်ဖွဲ့ အေဒီ ၁၈၂၆**

| လက်နက်ကိုင်တပ်ဖွဲ့တပ်စု အမည် | အရေအတွက် | အိပ်ဖန်စောင့် |
|---|---|---|
| မြောက်ထားဝယ် | ၆၇၂ | ၁၃၄ |
| တောင်ထားဝယ် | ၆၇၂ | ၁၃၄ |
| မြောက် ၁၅၀ | ၈၇၉ | ၁၄၃ |
| တောင် ၁၅၀ | ၅၆၂ | ၁၁၂ |
| မြောက်မာရဘင် | ၉၃၁ | ၁၈၆ |
| ရွှေပြည်မှန်ကင်း | ၆၉၈ | ၁၄၀ |
| စုစုပေါင်း | ၄၄၁၄ | ၈၈၉ |

[၄၄] Trager and Koening, 1979, p.401
[၄၅] Trager and Koening, 1979, p.401
[၄၆] မောင်မောင်တင်၊ ၂၀၀၅၊ စာ ၂၇၉

တိုးလှ၊ ၁၉၉၅၊ စာ ၄၅

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၇၃၂

အလုံသည် နန်းတွင်းလုံခြုံရေးကို အထူးတာဝန်ယူရသဖြင့် သေနတ်အစုအမှုထမ်းများ နေထိုင်ရာ ဖြစ်လာခဲ့သည်။ ရွှေဘိုတွင် ပေါ်တူဂီမွတ်စလင်အနွယ်ဝင် သေနတ်အမှုထမ်းများ၊ အမြောက်အမှုထမ်းများ ကိုတွေ့ရသည်။ ထိုအမှုထမ်းတို့သည် ယခုအခါ ရေဦးနယ်ချမ်းသာ၊ ချောင်းဦး၊ ချောင်းရိုး၊ မုံလှနှင့် ချောင်းဦးနယ်နဘက်တို့တွင် ဘုရင်ဂျီဘာသာဝင်များ နေထိုင်ခဲ့ကြသည်။[၄၇] မွတ်စလင်တို့သည် ကန့်ဘလူမြို့ နယ် ထန်းတပင်၊ ခေါ် သန္တိ၊ ငရနဲ၊ မြေဒူးကျေးရွာတွင် နေထိုင်ကြသည်။[၄၈] ခရစ်ယာန်များက အမြောက် အမှုထမ်းများအဖြစ်၊ မွတ်စလင်များက သေနတ်နှင့် မြင်းအမှုထမ်းများအဖြစ် အမှုထမ်းခဲ့ကြသည်။

နန်းတွင်းလုံခြုံရေးအစောင့်များလည်းတွေ့ရှိရသည်။ အမြင့်တွင် သေနတ်ကိုင် အမှုထမ်း ၂၁၆ ဦး၊ နန်းတွင်းအိပ်ဖန်စောင့် ၄၃ ဦးရှိလာသည်။ နောက်ထပ်တပ်သားသစ်များ စုဆောင်းခြင်းလည်း တွေ့ရ သည်။ ၁၈၂၀ အလယ်ပိုင်းတွင် မြန်မာနှင့်ဗြိတိသျှတို့စစ်ပွဲနှင့်ရင်ဆိုင်လာရသည်။ ၁၈၂၄–၂၆ တွင် မြန်မာနိုင်ငံနှင့် ဗြိတိသျှတို့ စစ်ဖြစ်ရာ မြန်မာတို့ရှုံးနိမ့်ခဲ့သည်။ နိုင်ငံကို ကာကွယ်ရန် အကူတပ်များ စေလွှတ်၍တပ်သားသစ်များ ခေါ်ယူခဲ့သည်။ မူးမြစ်ဝှမ်းဒေသရှိ တပ်သားသစ်စာရင်းကို ဇယား ၂ ဖြင့် ဖော်ပြထားသည်။

**ဇယား–၂**

**အမြင့်ရှိ တပ်သားသစ်စာရင်း**

| မြို့/ကျေးရွာ | အရေအတွက် | အိပ်ဖန်စောင့် | တည်နေရာ |
|---|---|---|---|
| ကနီ | | | |
| ချောင်းဦး ၁၀ ရွာ | | | |
| နဘက် | | | |
| ပရိမ္မ၊ ဒေါင်ရွှေ၊ ကျားအို | | | |

[၄၇] Toe Hla, Money Lending and Contractual Thet-Kayits" (A Socio-Economic Pattern of the Later Kon-baung Period, 1819-1885), Ph.D Dissertation, Submitted to Northern Illinois University, 1987, .37 (Henceforth: Toe Hla, 1987)

[၄၈] (က) Toe Hla, 1987, pp.37-38

(ခ) Scott and Hardiman, 1901, pp. 267-268

| | | | |
|---|---|---|---|
| မင်းကျီ | | | |
| မြင်းမူ | | | |
| ရွှေယင်းမာ | | | |
| ဝမ်းပြည့် | | | |
| အလကပ္ပ | | | |
| အမြင့် | | | |
| စုစုပေါင်း | | | |

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၇၃၂

အထောက်အထားများအရ စစ်ရေးအမှုထမ်းသူ ၁၀ ယောက်မှာ ၂ ယောက်သည် နန်းတွင်းအိပ်ဖန်စောင့် အဖြစ် အမှုထမ်းသည်။ ထို့ကြောင့် ထိုဒေသရှိ စစ်မှုထမ်းသော လူဦးရေကို ခန့်မှန်းနိုင်သည် သို့ဖြစ်၍ စစ်၏ တောင့်တင်းမှုကို သိနိုင်သည်။ ကုန်းတွင်းပိုင်းဒေသတွင် စစ်သားများသည် တာဝန်မှ အားလပ်ချိန် တွင် ဆန်စပါးနှင့် အခြားသီးနှံမျိုးစုံကို စိုက်ပျိုးသော ယာသမားသာဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် လူတန်းစား ၃မျိုးခွဲခြားသိမြင်နိုင်သည်။ အသည်၊ မင်းမှုထမ်း၊ ဘာသာရေးကျွန်တို့ဖြစ်သည်။ စစ်သုံ့ပန်း များအဖြစ် လဝ[၆၉]၊ မဏိပူရီ[၇၀]၊ မွတ်စလင်၊[၇၁] ပုဏ္ဏား၊[၇၂] ပေါ်တူဂီ၊ ထိုင်း[၇၃]၊ အိန္ဒိယအနွယ်ဝင်[၇၄] တို့ပါသည်။ အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလာသူများကို ပုဂံခေတ်တွင် တွေ့ရသည်။ စစ်သုံ့ပန်များနှင့် လူမျိုးနွယ်အုပ်စု တို့ဆက်သွယ်၍ နေထိုင်ခဲ့ကြကြောင်း ခေတ်ပြိုင်အထောက်အထားများ ရှိခဲ့သည် အေဒီ

---

[၆၉] ငြိမ်းမောင် ၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၀

[၇၀] (က) Toe Hla, 1987, p.37

(ခ) Scott and Hardiman, 1901, pp. 267-68

[၇၁] (က) Toe Hla, 1987, p.37

(ခ) Scott and Hardiman, 1901, pp. 267-68

[၇၂] Royal Order dated 15 July 1801,Than Tun, 1986, p. 754

[၇၃] ရှေးဟောင်းစာပေသုတေသီတစ်ဦး၊ ရှေးခေတ်မြန်မာနိုင်ငံ မြို့ရွာနယ်ပယ်သမိုင်း၊ သက္ကရာဇ် ၉၉၉ စစ်တမ်းများ၊ စာ ၄၁ (နောင်ကိုးကားလျှင် ရှေးသုတေသီ၊ နယ်ပယ်သမိုင်း ဟုညွှန်းမည်)

[၇၄] ချောင်းဦးရှေး သမန်စတာဘုရားကျောက်စာ

ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၀

၁၂၆၉ တွင် ရေးထိုးသော အမြင့်တောကျောင်းကျောက်စာတွင် အိန္ဒိယလူမျိုး ၇၀၀ ကို လယ်ယာစိုက်ပျိုးရေးအတွက် လယ်များကို ခွဲဝေပေး၍ နေထိုင်စေခဲ့ကြောင်း ဖော်ပြထားသည်။[၅၅]

ကျောက်စာများနှင့် ကုန်းဘောင်ခေတ် မှတ်တမ်းများအရ များစွာသော ရွာများသည် မူးမြစ်ဝှမ်း ဒေသ၌ တည်ရှိခဲ့ကြသည်။ အုပ်ချုပ်ရေးဆိုင်ရာ မှတ်တမ်းများ၊ လူတစ်ဦးချင်းဆိုင်ရာ မှတ်တမ်းများ၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ၊ သီးနှံထွက်နှုန်း လူမှုရေး ဆက်ဆံရေးဆိုင်ရာ မှတ်တမ်း များ၊ဘာသာရေးနှင့်ဆိုင်သာ မှတ်တမ်းများကို တွေ့ရသည်။ လူဦးရေနှင့် ပတ်သက်၍ သတင်း အချက် အက် အနည်းငယ်သာ ရရှိသည်။ လူမှုအဖွဲ့အစည်း တည်ဆောက်ရာတွင် စိုက်ပျိုးရေး ပဓာန အထောက် အပံ့ပြုနေကြောင်းကို ထင်ထင်ရှားရှား တွေ့ရသည်။ ထိုအချက်တွင် ထောက်ခြင်းအားဖြင့် ထိုဒေသတွင်းရှိ ပြည်သားများ မည်သည့် အခန်းကပါကြောင်း သိနိုင်သည်။

ထိုဒေသတွင် လူမျိုးနွယ်ခြင်းမတူသော လူမျိုးအုပ်စုများ နေထိုင်ခဲ့ကြသည်။ မြန်မာဘုရင်များက စစ်သုံ့ပန်းများကိုခေါ်ဆောင်၍ ထိုဒေသတွင် အခြေတကျ နေထိုင်စေခဲ့သည်။ အေဒီ ၁၁၉၄ တွင် ရေးထိုး ခဲ့သော ကျောက်စာအရ စည်သူ(၁) ကလေးသောင်းဒေသတွင် လ၀ အတွက် ရေးသွင်းစိုက်ပျိုးရန် ကန်များ တည်ဆောက်ခဲ့သည်။[၅၆] ဘုရင့်မြို့တော်ကို ကာကွယ်ပေးသော ရှေ့တန်းအခြေခံစခန်း အဖြစ် ထားရှိခဲ့သည်။ ညောင်ရမ်းခေတ်နောက်ပိုင်းတွင် မဏိပူရီများသည် ထိုဒေသကို ကျူးကျော်တိုက်ခိုက်မှု ကြောင့် အပျက်အစီးများရှိလာခဲ့သည်။ မြို့များနှင့်ကျေးရွာများသည် ကာကွယ်ရေးအတွက် မဟာဗျူဟာ ကျသောအပိုင်း၌ တည်ရှိပြီး ခံတပ်များလည်း တည်ဆောက်ခဲ့သည်။ ခံတပ်ရှိ ကျေးရွာစာရင်းကို ဇယား ၃ ဖြင့်ပြထားသည်။

**ဇယား-၃**

**ခံတပ်မြို့**

| မြို့/ကျေးရွာ | ခံတပ် | လူအင်အား |
|---|---|---|
| ကနီ | ၅၃၄ | ၄၀၀ |
| ကျောက်မြောင်း | - | ၇၀ |
| စစ်ကိုင်း | ၆၅၃ | - |

[၅၅] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၂၉၊ ၅၀
[၅၆] ငြိမ်းမောင်၊ အတွဲ ၄၊ ၁၉၈၈၊ စာ ၅၀

| | | |
|---|---|---|
| ဒီပဲယင်း | ၄၃၇ | ၄၀၀ |
| ဗဒုံ | – | ၄၀၀ |
| မုဆိုးဘို | – | ၂၀၀ |
| မြင်းမူ | – | ၄၀ |
| သာဝတ္တိ | ၅၃၀ | ၄၀၀ |
| ပြမြင့် | – | – |
| စုစုပေါင်း | ၂၁၅၄ | ၉၁၀ |

တိုးလှ၊ ၁၉၉၅၊ စာ ၃၇–၃၈

မင်းနေပြည်တော်လုံခြုံရေးအတွက် မူးမြစ်ဝှမ်းဒေသတို့တွင် စစ်အခြေခံစခန်းများ ထားရှိသည်။ ထိုကဲ့သို့ထားရှိခြင်းမှာ ပုဂံခေတ်ကထဲက ဖြစ်သည်။ အချို့သော အခြေခံစခန်းများသည် ညောင်ရမ်းခေတ်အတွင်းက ပေါ်ပေါက်ခဲ့သည်။ အင်အားတောင့်တင်းသော ရန်သူများ၏ ကျူးကျော်တိုက်ခိုက်မှုကို ကာကွယ်နိုင်စွမ်းမရှိခဲ့သော်လည်း ရန်သူများ၏ လှုပ်ရှားမှုကို ထောက်လှမ်းနိုင်သည်။ သို့မှသာ ဒေသအတွင်းတွင် ငြိမ်သက်အေးချမ်းလာမည်ဖြစ်သည်။ မူးမြစ်ဝှမ်းဒေသအတွင်းရှိ မြို့များနှင့် ကျေးရွာများမှမင်းမှုထမ်းစာရင်းကိုလည်းဖော်ပြလိုက်ပါသည်။ တွေ့ရှိရသော ဒေသမှ မှတ်တမ်းများတွင် အမှုထမ်းနှင့်အသည်စာရင်းများပါရှိရာ အသည်ထက် အစုအမှုထမ်းက သာလွန်များပြားနေသည်ကို တွေ့ရသည်။ မူးမြစ်ဝှမ်းဒေသရှိ လူဦးရေစာရင်းကို အောက်တွင် ဇယား–၄ ဖြင့် ဖော်ပြထားသည်။

**ဇယား–၄**

**မူးမြစ်ဝှမ်းဒေသရှိ လူဦးရေစာရင်း အေဒီ ၁၇၈၂**

| မြို့/ကျေးရွာ | အသည် | စုခြား | စုစုပေါင်း | သာလွန် % |
|---|---|---|---|---|
| ကျောက်မြောင်း | ၂၂၈ | ၅၉၅ | ၈၂၃ | ၇၂.၃ |
| ကျောက်ရစ် | ၁၄၀ | ၂၀၅ | ၃၄၅ | ၅၉.၄၂ |
| စစ်ကိုင်း | ၂၉၆၃ | ၈၆၀၇ | ၁၁၅၇၀ | ၇၄.၄ |
| ဒီပဲယင်း | ၆၄၂၂ | ၈၂၅၈ | ၁၄၆၈၀ | ၅၆.၂၅ |

| | | | | |
|---|---|---|---|---|
| နဘက် | ၁၈ | ၈၃ | ၁၀၁ | ၈၂.၁၇ |
| ရွှေဘို | ၄၁၆၀ | ၉၆၃၂ | ၁၃၇၉၂ | ၆၉.၈၂ |
| အမြင့် | ၃၂၇၆ | ၁၄၁၇ | ၄၆၉၃ | ၃၀.၁၉ |
| အလုံ | ၇၆၂၇ | ၉၅၄၂ | ၁၇၁၆၉ | ၅၅.၅၇ |
| အလကပ္ပ | ၉၇ | ၃၆၃ | ၄၆၀ | ၇၈.၉၈ |
| စုစုပေါင်း | ၂၄၉၃၁ | ၃၈၇၀၂ | ၆၃၆၃၃ | |

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်၊ ၇၃၂

စာရင်းအရ လူ့အလွှာ ၂ မျိုး ခွဲခြားထားသကဲ့သို့ ၎င်းတို့မှာ အခွန်ဖြင့်လုပ်အားပေးဆောင် ရသော ပြည်သူနှင့်စုခြား (နိုင်ငံခြားသား)တို့ဖြစ်သည်။ စစ်သည်နှင့် အခြားအစုအင်နံများ အကြောင်းဖော်ပြထားခြင်းမရှိချေ။ ရိုးရာအလိုက် ရာထူးခန့်ရာတွင် အငြင်းအခုံများဖြစ်ပွားပါက ရွှေတိုက်တွင် ထားသော စစ်တမ်းစာရင်းနှင့် တိုက်ကြည့်ဆုံးဖြတ်သည်။ အချို့မှတ်တမ်းများတွင် အသည်အကြောင်း အခွန်တော်မှတ်တမ်းစာရင်းထဲတွင် တွေ့နိုင်သည်။ တိုက်သည် တိုက်ဝန်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိပြီး ပိုမိုကြီးမားသော အုပ်ချုပ်ရေးနယ်ဖြစ်သည်။ နိုင်ငံရေးအရလည်း ထင်ရှားလာသည်။ တိုက်သည် ပထဝီအနေအထားပေါ်အခြေခံပြီး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ နိုင်ငံရေးအကျိုးစီးပွားပေါ်တွင် အခြေခံသည်။ တိုက်အတွင်း၌ ကျေးရွာများကို ထည့်သွင်းထားသည့်ပြင် ကျေးရွာ အနံ့အပြား ပြန့်ကျဲနေကြောင်းတွေ့ရသည်။ ညောင်ရမ်းခေတ်တွင် ကျေးရွာများထည့်သွင်းပေါင်းစပ်ထားသော တိုက် ၇ တိုက် ရှိသည်။ ၎င်းတို့မှာ–

အရှေ့ဘက်တိုက်

အနောက်ဘက်တိုက်

တောင်ဘက်တိုက်

မြောက်ဘက်တိုက်

ဆင်းကြည်တိုက်

မဟာဒါန်တိုက်[၅၇]

တွင်းသင်းတိုက်[၅၈] တို့ဖြစ်သည်။

---

[၅၇] အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၁၇၇၆၀၂

ပဓါနကျသော တိုက် ၃ တိုက်မှာ မဟာဒါန်တိုက်၊ မြောက်ဘက်တိုက်နှင့် တွင်းသင်းတိုက်တို့ ဖြစ်သည်။ အောက်တွင် ဇယားဖြင့်ဖော်ပြထားသည်။

**ဇယား–၅**

**တိုက်ရှိအသည်နှင့် အစုခြားစာရင်း**

| တိုက် | အသည် | စုခြား | စုစုပေါင်း |
|---|---|---|---|
| မြောက်ဘက် | ၂၅၉၅ | ၅၀၆၉ | ၇၆၄၄ |
| တွင်းသင်း | ၁၆၇၀ | ၄၀၂၉ | ၅၆၉၉ |
| မဟာဒါန် | ၂၀၇၅ | ၂၆၀၉ | ၄၆၈၄ |
| ဆင်းကြည် | ၇၉၀ | ၁၇၉၁ | ၂၅၈၁ |
| စုစုပေါင်း | ၇၁၃၀ | ၁၃၄၇၈ | ၂၀၆၀၈ |

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်၊ ၇၃၂

တိုးလှ၊ ၁၉၉၅၊ စာ ၃၀

မူးမြစ်ဝှမ်းဒေသသည်များစွာသော အစုအမှုထမ်းများနှင့်မြောက်ဘက် မြင်းအမှုထမ်းတို့နေထိုင်ရာ ဒေသဖြစ်ခဲ့သည်။ မြင်းအမှုထမ်းများကို တပ်သားအဖြစ် စုဆောင်းခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်း မင်းတို့နိုင်ငံမချဲ့ထွင်နိုင်သောကြောင့်စစ်သုံ့ပန်းများ မရရှိနိုင်သောအခါ လိုအပ်သော အမှုထမ်းတို့ကို ပြည်သူတို့ထဲမှ ငွေဖြင့် ဝယ်ယူဖြည့်သွင်းလာခဲ့သည်။ ထိုသို့စုဆောင်းရာတွင် အသည် ၂၇၃ ဦး၊ စုခြား (နိုင်ငံခြားသား)၄၆၈ ဦး စုစုပေါင်း ၇၄၁ ဦး[၅၉] ရရှိခဲ့သည်။ ထိုဒေသတွင် မြင်းအမှုထမ်းများမှာ ၁၈၂၆ တွင် ၁၅၆၂ ဦးရှိလာသည်။[၆၀]

ရတနာသိင်္ဃကုန်းဘောင်ပြည်တွင် မြင်းတပ်သည် အထင်အရှားဆုံးဖြစ်၍ မြန်မာနိုင်ငံသမိုင်းတွင် ထိုနယ်မှ မြင်းကို မြောက်ဘက်မြင်းဟု အသိများသည်။ မြောက်ဘက်မြင်းတွင် မူလက ကိုးသင်းရှိခဲ့ သည်။ ထိုမြင်းကိုးသင်းကို အသင်္ခယာစောယွန်းစစ်ကိုင်းမြို့ကို တည်ထောင်စိုးစံချိန်က စတင်ဖွဲ့စည်း ခဲ့ခြင်းဖြစ်သည်။ ထိုမြင်းကိုးသင်းမှာ

---

[၅၈] ရှေးသုတေသီ၊ နယ်ပယ်သမိုင်း၊ စာ ၆၃–၆၉
[၅၉] အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၇၃၂
[၆၀] အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၇၃၂

| | |
|---|---|
| ကြောင်းသင်းမြင်း | ၅၀ |
| ခက်လုံမြင်း | ၃၀ |
| စောပအိုးမြင်း | ၁၅၀ |
| တမခါးမြင်း | ၁၅၀ |
| မြင်းသည်ကြီးမြင်း | ၃၀ |
| ယူတော်မူခြင်း | ၁၅၀ |
| လက်ရွေးကြီးမြင်း | ၁၅၀ |
| လက်ရွေးငယ်မြင်း[၆၁] | ၇၀ တို့ဖြစ်သည်။ |

ကုန်းဘောင်ခေတ်တွင် ရွှေဘိုမြင်းမြေကိုမြောက်လက်နှင့်တောင်လက်ဟူ၍ ခွဲခြားထားသည်။ ထို့ကြောင့် ရှေးကမြင်းကိုးသင်းထက် ပို၍များပြားလာသည်။ မြင်းအမှုထမ်းများနေသော ရွာကို မြင်းရွာဟုခေါ်သည်။ ၎င်းတို့မှာ

ကံသစ်

ကျေးစာ

ကြောင်သင်း

ခင်လပ်

ညောင်လှ

တပယင်းကွဲ

တောင်ကြား

ပေါက်တော

ပင်တင်

ပင်ဇင်

ပုံညှောက်

မူးသာ

[၆၁] (က) တိုးလှ၊ ၁၉၉၅၊ စာ ၄၉-၅၀

(ခ) ဦးကုလား၊ မဟာရာဇဝင်ကြီး၊ ပထမတွဲ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁၊ စာ ၃၃၃ (နောင်ကိုးကားလျှင် ကုလား၊ ၁၉၆၁ ဟု ဖော်ပြပါမည်။)

မြင်းဘို့

ယူတော်မူ

ယင်းတိုက်

လက်ရွှေကြီး

လင်တလူ

တပွတ်

သရစိမ်းတို့ပါဝင်ကြသည်။[၆၂]

မြောက်ဘက်မြင်းအတွက် တပ်သားသစ်များစုဆောင်း၍ တပ်သားသစ်နေထိုင်ရန် အိမ်များဆောက်လုပ်ပေးခဲ့သည်။ ထိုအချက်သည် ဘုရင်၏ထူးခြားသော ဆောင်ရွက်ချက်ဖြစ်သည်။ ယခင်အချိန်အခါက မြန်မာဘုရင်များသည်အမှုထမ်းများ၏နေထိုင်ရေးကို ဆောင်ရွက်ပေးခြင်းမရှိခဲ့ချေ။ လယ်ယာမြေ ၅ ပယ်ကိုသာ အမှုထမ်းငယ်တို့အာ ခွဲဝေပေးခဲ့သည်။ မင်းတုန်းမင်းသည် မင်းမှုထမ်းများနေထိုင်ရန်လူနေရပ်ကွက် မင်းဘဏ္ဍာဖြင့် အကုန်ကျခံပြီးတည်ဆောက်ပေးခဲ့သည်။ ထိုကဲ့သို့ မင်းမှုထမ်းများ၏သက်သာချောင်ချိရေးကို စိတ်ဝင်စားသောကြောင့် ပြည်သူတစ်ရပ်လုံးက မင်းတုန်းမင်းချစ်ကြည်ညိုကြခြင်းဖြစ်သည်။ ဘုရင်သည်တပ်သားသစ်များ နေထိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုရန် အခွန်ကောက်ခံခွင့်ပြုသည်။ အချို့သောကျေးရွာများသည် အခွန်တော်ကို အရစ်ကျဖြင့်ပေးဆောင်နိုင်ကြသည်။[၆၃] ထိုအချက်ကိုကြည့်ခြင်းအားဖြင့် အခွန်တော်ကို တစ်ခါတည်း မပေးနိုင်၍အရစ်ကျဖြင့် ပေးခြင်းဖြစ်သည်။ မုဆိုးမများသည်လည်း အခွန်တော်ကို အရစ်ကျဖြင့်ပေးကြရသည်။

**ဇယား-၆**

**ကျေးရွာများမှ ကောက်ခံရရှိသော အခွန်ငွေ**

| ရွာ | အခွန်ငွေ (ကျပ်ဖြင့်) | တည်နေရာ |
|---|---|---|
| ကောဓ | ၁၄၁၁ | ရွှေဘို |
| ညောင်ဇင် | ၂၆၀၀ | တည်နေရာမသိ |
| တောင်ကြား | ၁၀၀ | စစ်ကိုင်း |

[၆၂] တိုးလှ၊ ၁၉၉၅၊ စာ ၅၀-၅၁
[၆၃] အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၁၅၀၄၀

| | | |
|---|---|---|
| တောင်ကြား | ၁၉၇.၅ | စစ်ကိုင်း |
| သွတ်လှိုင် | ၂၈ | ဝက်လက် |
| ပလိုင်း | ၁၁၁.၅ | ရွှေဘို |
| မုဆိုးခြုံ | ၄၂ | ဝက်လက် |
| မြို့စာရေး | ၈၅၀ | ရွှေဘို |
| ယင်းမာကန် | ၂၈ | ဝက်လက် |
| ရတနာသိင်္ဃ | ၂၅၀ | ရွှေဘို |
| ရုံးသာ | ၂၄၁၀ | ဝက်လက် |
| လှတော | ၄၆၁၅.၅ | ဝက်လက် |
| ဝန်းစီ | ၁၄၀ | ရွှေဘို |
| သလုံး | ၁၅၃၀ | ဝက်လက် |
| သရစိမ်း | ၇၇၀ | ရွှေဘို |
| သရိုင် | ၂၃၅၅.၅ | တည်နေရာမသိ |
| ဟန်လင်း | ၃၈၀ | ရွှေဘို |
| အုပ်နဲ့ဘုတ် | ၅၈၀ | ဝက်လက် |
| စုစုပေါင်း | ၁၈၃၉၉ | ဝက်လက် |

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်နံပါတ် ၁၅၀၄၀

မူးမြစ်ဝှမ်းဒေသအတွင်းတွင်ရှိသောရွာများကိုသာ ဖော်ပြထားပြီး အခြားသောရွာများနှင့် မြို့များကိုချန်ထားပါသည်။ ရွှေဘိုသည် မြင်းအမှုထမ်းများနေထိုင်ရာ မြို့ဖြစ်ပြီး သရစိမ်းတပ်ဖွဲ့နှင့် ရွာဝေးတပ်ဖွဲ့ဟူ၍ မြင်းတပ်ဖွဲ့ ၂ ခုရှိသည်။ ရွှေဘိုသည် ရဲဘက်မြင်းနယ်မြေထဲတွင် ပါဝင်သည်။ သရစိမ်းတပ်ဖွဲ့က အောက်ပါရွာများနှင့် မြင်း ၅၀ အုပ်ချုပ်သည်။

ချိုင်းကြီး

ချောင်းကြီး

ရပ်သာ

ရွာစိုက်

သာစည်တို့ဖြစ်သည်။

ရွာဝေးတပ်ဖွဲ့က အောက်ဖော်ပြပါရွာများကို အုပ်ချုပ်သည်။

ကျောက်နောက်

ဇရပ်ဖြူ

မူးသာ

သင်းတွဲတို့ဖြစ်သည်။

စုစုပေါင်းမြင်းအမှုထမ်းရှိသော ရွာပေါင်း ၅၀ ရှိလာသည်။[၆၄] အချို့ရွာများမှာ မည်သည့် နေရာတည်ရှိကြောင်းမသိရှိရချေ။ ရွှေဘိုနှင့် စစ်ကိုင်းတွင် မြင်းမှုထမ်းများရှိပြီး အချို့ရွာများမှာ နာမည်သစ်ဖြင့် ကျန်ခဲ့သည်။ မူးမြစ်၏ အရှေ့ဘက်တွင် မင်းမှုထမ်းများ နေထိုင်သောရွာများရှိသည်။ ဗဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက်တွင် ထိုအမှုထမ်းများနေထိုင်သည့်ရွာများကို စာရင်းဇယားဖြင့်ဖော်ပြထားသည်။ ထိုရွာများတွင် အသည်၊ စုချာ၊ ၃၀၀၀ ဖွဲ့များနေထိုင်သည်။[၆၅] မူးမြစ်အရှေ့ဘက်ရှိ ကျေးရွာစာရင်းကို ဇယား–၇ ဖြင့်ဖော်ပြထားသည်။

**ဇယား–၇**

**မူးမြစ်အရှေ့ဘက်ရှိ ကျေးရွာစာရင်း အေဒီ ၁၇၈၃**

**(ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်း)**

| ရွာ | အသည် | စုခြား | စုစုပေါင်း | ၃၀၀၀ ဖွဲ့ |
|---|---|---|---|---|
| ကျားရွာ | ၁၂ | ၁၃၂ | ၁၄၄ | ၅၅ |
| ကြောင်သင်း | ၁၀ | ၃၁ | ၄၁ | ၅ |
| ခင်လတ် | ၂၁ | ၁၅ | ၃၆ | – |
| ငဇင် | ၄ | ၃ | ၇ | – |
| ဆင်အင်း | ၇၆ | ၆၈ | ၁၄၄ | ၅၅ |
| ညောင်ပင်သာ | ၇ | ၂၇ | ၃၄ | ၁၁ |

[၆၄] တိုးလှ၊ ၁၉၉၅၊ စာ ၅၁

[၆၅] ဒေါက်တာသန်းထွန်း၊ မြန်မာ့သမိုင်းရှာပုံတော်၊ ရန်ကုန်၊ ဒေါင်းစာပေ၊ ၂၀၁၃၊ စာ ၁၃၄–၁၃၅ (နောင်ကိုးကားလျှင် သန်းထွန်း၊ ၂၀၁၃ ဟုညွှန်းမည်)

| | | | | |
|---|---|---|---|---|
| တပွဲပင်၊ မင်းရွာ | – | ၂၃ | ၂၃ | ၆ |
| နှမစားရစ် | ၁၆ | ၂၉ | ၄၅ | ၁၁ |
| ပဒါးဆိပ် | ၁၂ | ၃၁ | ၄၅ | ၁၁ |
| ပရံ့နံ | ၂၆ | ၁၂၇ | ၁၅၃ | ၃၀ |
| မအုပ် | ၉၇ | ၂၄ | ၁၂၁ | ၂၃ |
| မူးသာ | ၁၆၅ | ၃၇ | ၂၀၂ | ၅၅ |
| မိုးကောင်း | ၄ | ၆ | ၁၀ | ၃ |
| မုံတောင်ကြီး | ၅၁ | ၆၆ | ၁၁၇ | ၁၀ |
| မောက်ပန် | ၅ | ၂၇ | ၃၂ | ၄ |
| မြကန် | – | – | – | ၈ |
| မြင်း(မြောက်) | ၃၁ | ၂၂ | ၅၃ | – |
| မြင်း (တောင်) | ၈ | – | ၈ | ၁၁ |
| မြင်းကျား၊ မကျီးအုပ် | ၅၄ | ၃၂ | ၈၆ | ၁၀ |
| မြင်းစီ (မြောက်) | ၄၂ | ၄ | ၄၆ | ၁၁ |
| မြို့လှ (ဓိုးဖြူကုန်း) | ၈၀ | ၆၃ | ၁၄၃ | ၁၂ |
| မြို့သစ်ကြီး | ၂၆ | ၁၃၁ | ၁၅၇ | ၁၉ |
| ယူတော်မူ | ၁၃ | ၂၀၅ | ၂၁၈ | ၈ |
| ယင်းတိုက် | ၁၉၉ | ၁၈၄ | ၃၈၆ | ၁၁၅ |
| ရွှေဂူ | – | – | – | ၃ |
| လိပ်ချင်း | ၄၃ | ၉ | ၅၂ | ၁၃ |
| ဝင်းစီ | – | ၂၁ | ၂၁ | – |
| သလုံ (မြောက်) | ၂၄ | ၁ | ၂၅ | – |
| သလုံ (တောင်) | ၂၉ | ၁၁ | ၄၀ | ၂၉ |
| အောင်ချမ်းသာ | ၅၀ | ၂၃ | ၇၃ | ၉ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်း | ၁၁၀၅ | ၁၃၅၂ | ၂၄၆၂ | ၅၂၇ |

ရေဦး ဦးသောင်းစာစုများ၊ ပုရပိုက်နံပါတ် ၂၃

ဖော်ပြပါဇယားအရ ကျေးရွာများသည် မူးမြစ်ဝှမ်းဒေသအတွင်း၌ တည်ရှိခဲ့သည်။ ရိုးရာအစဉ်အလာအရ မြန်မာအရာရှိများမှအစ ကျေးရွာသူကြီးများအထိ တစ်နှစ်လျှင်တစ်ကြိမ် မြန်မာဘုရင်များထံ လက်ဆောင်ပဏ္ဏာဆက်သ၍ ဖူးမြော်ကြရသည်။ အထူးသဖြင့်

မြန်မာနှစ်သစ်ကူးနေ့

ဝါဆိုလပြည့်နေ့

သီတင်းကျွတ်လပြည့်နေ့များဖြစ်သည်။

မြန်မာဘုရင်များထံ လက်ဆောင်ပဏ္ဏာများဆက်သရန် ဒေသအကြီးအကဲများမှ အစ စော်ဘွားများအပါအဝင်ထိ မိသားစုတိုင်းတက်နိုင်သမျှထည့်ဝင်ရန် တောင်းဆိုခဲ့သည်။ ကျေးရွာလူထုက ထည့်ဝင်ရမည့်ငွေခွဲတမ်းကို သူကြီးထံထည့်ဝင်ရသည်။ သူကြီးကလည်း ယင်းထည့်ဝင်ရမည့်ငွေခွဲတမ်းကို မြို့ဝန်ထံထည့်ဝင်ရသည်။ ကျေးရွာများက ထည့်ဝင်ရမည့် ငွေခွဲတမ်းအကြောင်း သီပေါမင်းလက်ထက် စစ်ကိုင်းမြို့နယ်အတွင်းမှရသော မှတ်တမ်းအချို့၌ ပါရှိသည်။ ဘုရင်ထံသို့ လက်ဆောင်ပဏ္ဏာဆက်သရန် ထည့်ဝင်ငွေကို နှစ်စဉ်နှစ်တိုင်း တောင်းဆိုခဲ့သည့် ဇယားဖြင့် ဖော်ပြထားပါသည်။

**ဇယား–၈**

**ကျေးရွာသူကြီးများထည့်ဝင်ငွေ**

| မြို့ဝန်းကျင်ကျေးရွာသူကြီးများ | ထည့်ဝင်ငွေ (ကျပ်ဖြင့်) | မှတ်ချက် |
|---|---|---|
| ကုန်း | ၃ | |
| ဆင်မြေ | ၃ | |
| တင်းတိပ် | ၂ | |
| နွားချေးကျွန်း | ၁.၅ | |
| ပန်းချီရပ် | ၁.၅ | |
| မကျီးစင် | ၂.၅ | |
| မြို့သူကြီး | ၁.၅ | |

| | | |
|---|---|---|
| ရွာထောင် | ၃ | |

ပုရပိုက်နံပါတ် ၂၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

စာရင်းဇယားများအရ စစ်ကိုင်းမြို့၏မြောက်ဘက်ကျေးရွာက ပေးဆောင်ရခြင်းကို စာရင်း ဇယားဖြင့် ဖော်ပြထားသည်။ စစ်ကိုင်းမြို့သည် ဧရာဝတီမြစ်၏လကျာ်ဘက်တွင် တည်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တို့မှ မြို့ကို ဝိုင်းပတ်ထားသကဲ့သို့ရှိသောကြောင့် မြို့၏အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် လူနေအိမ်ခြေကျေးရွာဇနပုဒ်မရှိချေ။ မြို့၏မြောက်ဘက်တွင်ကျေးရွာတည်ရှိပြီး ထည့်ဝင်ငွေကို ဇယား (၉)ဖြင့်ဖော်ပြထားသည်။

**ဇယား–၉**

**မြောက်ဘက်ကျေးရွာများက ထည့်ဝင်ငွေ**

| ကျေးရွာ | ထည့်ဝင်ငွေ (ကျပ်ဖြင့်) |
|---|---|
| ကုန်းကြီး | ၈.၂၅ |
| ကြခတ် | ၃ |
| ခက်ခ (သစ်) | ၃ |
| ခက်ခ (ဟောင်း) | ၃ |
| စကျင် | ၃ |
| စမွန်း | |
| ညောင်ကုန်း | |
| တောင်ရင်း | |
| ထီးလှိုင် | |
| ပဒူ | |
| ပင်း | |
| မုံညို | |
| ရေတွင်းကောင်း | |
| ရှားရောင်း | |

| | |
|---|---|
| လက်ပန် | |
| စုစုပေါင်း | |

ပုရပိုက်နံပါတ် ၂၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ပဲ့နင်းအုပ်ချုပ်သောရွာနှင့် ထောင်ကဲအုပ်ချုပ်သောရွာတို့သည် ထည့်ဝင်ငွေမှ ကင်းလွတ်ခွင့်ရှိသည်။ ထို့ပြင် ဆယ်အိမ်ခေါင်းအုပ်ချုပ်သော ရွာ ၄ ရွာနှင့် ဘာသာရေးကျွန်များသည် ထည့်ဝင်ခြင်း မပြုရဘဲ ကင်းလွတ်ခွင့်ရရှိကြသည်။ စစ်ကိုင်းမြို့ရှိကျေးရွာ ၄ ရွာသည်လည်း ထည့်ဝင်ခြင်းမှ ကင်းလွတ်သည်။ ကျေးရွာများက ထည့်ဝင်ရမည့်ငွေ စုစုပေါင်း ၁၈၇.၅ ရှိသည့်အနက် ၁၆၂.၅ မှာပေးပြီးဖြစ်၍ ၂၅ ကျပ်ထည့်ဝင်ရန် ကျန်သည်။ ထိုကျန်ငွေကို မြို့ဝန်က ပေးဆောင်ရသည်။[၆၆]

စစ်ကိုင်းမြို့သည်မြောက်ဘက်နှင့် အနောက်ဘက်တို့တွင်သာ ကျေးရွာများ၊ လူနေရပ်ကွက်များရှိသည်။ မြောက်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းဟူ၍ရှိခဲ့သည်။ အနောက်ဘက်ပိုင်းတွင် ၁၆ ရွာရှိခဲ့သည်။ အကန်တော့ခံနေ့တွင် ဘုရင်ကို ရွှေလင်ပန်း၊ ငွေဖလား၊ ငွေဖွန်းများ ဆက်သရမြဲဖြစ်သည်။ ရွာသူရွာသားများထံမှ ရွှေလင်ပန်းဘိုး၊ ငွေဖွန်းဘိုး၊ ငွေဖလားဘိုးတောင်းသောစာရင်းကို တွေ့ရသည်။ အကန်တော့ခံနေ့အခမ်းအနားသည် မြန်မာထုံးတမ်းအစဉ်အလာတွင် အလွန်အရေးပါသော အစဉ်အလာတစ်ခု ဖြစ်သည်။ ကျေးရွာသူကြီးများဒေသအကြီးအကဲများ၊ ဘုရင်ငယ်များက ဘုရင်ကို အကန်တော့ခံနေ့တွင် လက်ဆောင်ပဏ္ဏာဆက်သရသည်။ ပျက်ကွက်မှုရှိပါက ဘုရင်ကိုပုန်ကန်သည်ဟုယူဆပြီး လက်ဆောင်ပဏ္ဏာ မဆက်သသော နယ်များသို့ စစ်တပ်များစေလွှတ်၍ ပျက်ကွက်သူကို နှိမ်နင်းခြင်း (သို့) အစားထိုးခြင်းများပြုလုပ်ခဲ့သည်။ ကျေးရွာသူကြီးများက အကန်တော့ခံနေ့တွင်လက်ဆောင်တော်ဆက်သရန် ငွေထည့်ဝင်ရသည်ကို ဇယားဖြင့်ဖော်ပြထားသည်။

**ဇယား-၁၀**

**အနောက်ဘက်ကျေးရွာများမှ ထည့်ဝင်ငွေစာရင်း**

| ရွာ | ခွဲတမ်းငွေ | မှတ်ချက် |
|---|---|---|
| ကျောက်ဆည်ကုန်း | ၅.၅ | ရ |
| ငတရော် | ၆ | ရ |

[၆၆] ပုရပိုက်နံပါတ် ၂၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

| | | |
|---|---|---|
| ငြမ်းရင်းဆယ်ရွာ | ၄ | မပေးရသေး |
| ဇရပ်တော် | ၂ | ရ |
| ညောင်ပင်စီ | ၂ | မပေးရသေး |
| ဒိပဲယင်းကွဲ | ၈.၅ | ရ |
| ပဲခွဲမြို့ | ၃ | မပေးရသေး |
| ပန်းချီ | ၁၇.၅ | ရ |
| ပြည်တော်သာ | ၁၅ | မပေးရသေး |
| ဖြတရော် | ၂ | ရ |
| မောင်းထောင် | ၅ | ရ |
| မြင်းမွေး | ၃.၅ | ရ |
| ရွာသစ်ကြီး | ၁၅ | မပေးရသေး |
| လယ်ကြီး | ၅ | ရ |
| ဗအောင်သာ | ၅ | ရ |
| အုန်းသာ | ၉ | မပေးရသေး |
| စုစုပေါင်း | ၁၀၈ | |

စစ်ကိုင်းမြို့နယ်အတွင်းတွင် ကန်တော်ရိုးကျောင်းမှ ဆရာတော်ပျံလွန်တော်မူ၍ ဘုန်းကြီးပျံကျင်းပသော အထောက်အထားကိုလည်း တွေ့ရသည်။ ထိုဘုန်းကြီးပျံကို ၈.၄.၁၈၇၁ မှ ၁၁.၄.၁၈၇၁ ထိ ၄ ရက် ကျင်းပခဲ့သည်။ မအူပင်ဆရာတော်က စစ်ကိုင်းမြို့ဝန်ထံ ဘုန်းကြီးပျံလာသော ဘုန်းကြီးများအတွက် ဆွမ်းအုပ်ပို့ရန် စာတစ်စောင်ပို့၍ မေတ္တာရပ်ခံခဲ့သည်။ မြို့ဝန်နှင့် အရာရှိများက အနီးအနားရှိ ရွာများအား ဘုန်းကြီးပျံအခမ်းအနားသို့ ဆွမ်းအုပ်ပို့ရန် ဆင့်ဆိုခဲ့သည်။ စစ်ကိုင်းမြို့အတွင်းရှိ ရွာပေါင်း ၁၅ ရွာတို့က ၄ ရက်တိုင် ဘုန်းကြီးပျံအခမ်းအနားသို့ ဆွမ်းအုပ်ပေါင်း ၆၀၀ ပို့ရသည်။ ကျေးရွာများ၏ ဆွမ်းလှူစာရင်းကို ဇယားဖြင့် ဖော်ပြထားသည်။

**ဇယား–၁၁**

| ရွာ | ဆွမ်းအုပ် |
|---|---|
| ကုန်း | ၃၀ |
| ကြွယ်လူး | ၁၀ |
| စည်တီး | ၂၀ |
| ဆင်မြေ | ၃၀ |
| ဆွမ်းချက် | ၂၀ |
| ညောင်ပင်ဇင် | ၅၀ |
| တင်းတိပ် | ၁၀ |
| ပဲကတိုး | ၃၀ |
| ပဲခွဲ[၆၇] | ၆၀ |
| ပြဲတရော် | ၆၀ |
| ဘောက်မ | ၃၀ |
| မအူပင်လေးရွာ[၆၈] | ၁၄၀ |
| မြင်းမွေး | ၅၀ |
| လက်လုပ်[၆၉] | ၃၀ |
| သပြူ | ၂၀ |
| စုစုပေါင်း | ၅၉၀ |

ပုရပိုက်နံပါတ် ၃၀၇၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ဘုန်းကြီးပျံကို ၄ ရက်ကျင်းပရာ ရွာက ၄ ရက်တိုင် ဆွမ်းကပ်ခဲ့ကြသည်။ မြန်မာ့ဘုန်းကြီးပျံ အခမ်းအနားတွင် ရွာက သဒ္ဓါတရားကြီးမားစွာ ဆွမ်းကပ်ခြင်းမှာ ဓလေ့ထုံးစံတစ်ခုပင် ဖြစ်နေသည်။ ဘုန်းကြီးပျံတွင် ဖြေဖျော်မှုများအဖြစ် ဇယဉ်ကျူးပွဲများ၊ ဆိုင်းတီးဝိုင်းများ၊ အငြိမ့်ပွဲများ၊ ရုပ်သေးပွဲများ၊ ဆက်ကပ်၊ ကျွမ်းထိုးပွဲများ ပါဝင်သည်။ ထိုကဲ့သို့ ပြုလုပ်သည့် ကုန်ကျစရိတ်များကို ရွာသူရွာသားများ

[၆၇] တည်နေရာ၊ မသိရှိရပါ။
[၆၈] မအူပင် (အရှေ့)၊ မအူပင် (အနောက်)၊ကုန်းတော်၊ သာဒွန်း
[၆၉] တည်နေရာမသိရှိရပါ။

နှင့် ပျံလွန်တော်မူသော ဘုန်းကြီးနှင့် ဆွေမျိုးတော်စပ်သူများက ကျခံခဲ့ကြသည်။ ထို့ကြောင့် ဘုန်းကြီးသေရွာကျေပဟု ဆိုရိုးစကားရှိခဲ့သည်။ ထို့ပြင်ဆွမ်းကပ်ခြင်းအပြင် ဘုန်းကြီးအား မီးသင်္ဂြိုလ်ရန်အတွက် စုပုံထားသော ထင်းတွက် ထင်းဘိုး၊ ဇာတ်ပွဲများ၊ ဘုန်းကြီးပျံသို့လာသော အနီးအနားရွာများ၏ ကုန်ကျစရိတ်များကိုလည်း ကျခံခဲ့ရသည်။

ကျေးရွာများအကြောင်းဖော်ပြထားသည့် ခေတ်ပြိုင်မှတ်တမ်းများ၊ ကျောက်စာများ၊ အမိန့်တော်များ၊ ငွေချေးသက္ကရာဇ် စာချုပ်များရှိသည်။ ကျေးရွာများတွင် အုပ်ချုပ်သော အကြီးအကဲရှိသည်။ လူနေမှု အဆင့်တွင် အုပ်ချုပ်သူများကို အဆင့်အလိုက်ခွဲခြားထားသည်။ လေ့သမား၊ ထောင်ကဲ (ပဲ့နင်း)၊ မြင်းခေါင်း၊ သွေ်ကြီးဟူ၍ရှိခဲ့သည်။ ဆင်ခြေဖုံး သေနတ်ကိုင် အမှုထမ်းများနေသော ရွာ ၂ ရွာရှိခဲ့သည်။ ထိုနှစ်ရွာမှာ အရာတော်မြို့မှ မကျီးစောက်နှင့် ငရတိုး (ငါးရာတိုး) တို့ဖြစ်သည်။[၇၀] သာမာန်ကျေးရွာများတွင် သာမန်ကျေးရွာများတွင် အသည်များနေထိုင်ပြီး သူကြီးက အကြီးအကဲဖြစ်သည်။ ကျေးရွာအကြီးအကဲများကို အခေါ်အဝေါ်မတူသော်လည်း အုပ်ချုပ်ပုံတူညီကြသည်။ အကြီးအကဲများသည် ရရှိသော အခွင့်အရေးခြားနားမှုရှိသည်။ ဘုရင်နှင့်နီးစပ်သလို မျက်နှာသာပေးခြင်းခံရသည်။

မူးမြစ်ဝှမ်းဒေသတွင် နေထိုင်ကြသူတိုပကို အမှုထမ်းပုံနှင့် အသက်မွေးဝမ်းကျောင်းအရ ၆ မျိုးခွဲခြားနိုင်သည်။ အသည်၊ မြင်းအမှုထမ်း၊ သေနတ်ကိုင်စစ်သား၊ ဆင်အမှုထမ်း၊ ဘာသာရေးကျွန် ဟူ၍ဖြစ်သည်။ အသည်၊ မြင်းအမှုထမ်း၊ သေနတ်ကိုင် စစ်သားနှင့်ဆိုင်သော အထောက်အထားအများ အပြားရှိခဲ့ပြီး လှေအစု၊ ဆင်အမှုထမ်း၊ ဘာသာရေးကျွန်နှင့် ဆိုင်သော အထောက်အထား အနည်းငယ်သာ ရှိခဲ့သည်။ ညောင်ရမ်းခေတ်ကာလအတွင်း ဘုရင်မဟာဓမ္မရာဇာဓိပတိ လက်ထက်တွင် ချင်းတွင်း မြစ်တစ်လျှောက်လှေ ၁၀ စင်းဖွဲ့ခဲ့ရာ ၅ စင်းက မြစ် ၂ သွယ်ကြားဒေသအတွင်း၌ တည်ရှိသည်။ ထိုတည်ရှိရာရွာများမှာ ခင်မွန်၊ ပရိမ္ဘ၊ ပြောင်ကုံး၊ မကျီးခွ၊ လက်တော်ရာတို့ဖြစ်သည်။[၇၁] လက်တော်ရာနှင့် ပြောင်ကုံးရွာအကြောင်းထင်ထင်ရှားရှားမသိနိုင်ချေ။ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဖြတရော်ရွာသည်လှေရွာဖြစ်ခဲ့သည်။[၇၂] ရဲလှေ ၁၀ စင်းဖွဲ့ထားသော ကျေးရွာဘာသာရေး ကျွန်များရှိသောရွာ ၄ ရွာသည် အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ကြောင်း အထောက်အထားရှိခဲ့သည်။[၇၃] စစ်ကိုင်းမြို့သည် ဘုရင့်လှေတပ်

---

[၇၀] Royal Order dated 9 July 1801, Than Tun, 1986, pp.167, 42

[၇၁] ရေးသုတေသီ၊ နယ်ပယ်သမိုင်း၊ စာ ၄၄

[၇၂] ရေးသုတေသီ၊ နယ်ပယ်သမိုင်း၊ စာ ၆၄

[၇၃] သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပုရပိုက်နံပါတ်၊ ၂၇၉

ဌာနချုပ်ဖြစ်ခဲ့သည်။ အခြားသောလေ့ရွာများမှာ မူးသာ၊[၇၄] ပေါက်တော၊[၇၅] တောင်ကြား၊[၇၆] တောင်မြို့၊ [၇၇] ရွာသစ်ကြီး [၇၈] နှင့် ဇရပ်ဖြူ[၇၉]တို့ ဖြစ်သည်။ ပေါက်တောရွာတွင် လေ့သူကြီးသည် အသက်အရွယ်ကြီးလာပြီဖြစ်၍သူ၏နေ့စဉ် အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်ရန်အတွက် သူ၏သားအား လွှဲပြောင်းပေးရန် ဘုရင့်ထံအသနားခံတင်ခဲ့ဖူးသည်။[၈၀] များစွာသော လေ့ကျေးရွာများမှာ စစ်ကိုင်းမြို့နယ်အတွင်း၌ တည်ရှိသည်။

မူးမြစ်ဝှမ်းဒေသအတွင်း ဆင်အမှုထမ်းအကြောင်းအထောက်အထား အနည်းငယ်သာ ရှိခဲ့သည်။ ဗဒုံမင်းလက်ထက်တွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ မကျီးစောက်နှင့် ငရတိုး ကျေးရွာမှ မြောက်ဘက်မြင်းအမှုထမ်းများကို နုတ်ပြီး ဆင်ခြေဖုံး ဆင်အမှုထမ်းထဲတွင်ထမ်းဆောင်စေသည်။ ထိုအမှုထမ်းများကို အောင်မဝန်ဆင်ထိန်းအရာရှိ၏အောက်တွင် ထားရှိသည်။[၈၁] ထို့ပြင် ဗဒုံမြို့နယ် သာစည်ကျေးရွာရှိ ပြည်သူများသည် မင်္ဂလာသေနတ် တပ်စုဝင်များဖြစ်ခဲ့ကြသည်။[၈၂] ကန့်ဘလူမြို့နယ် ပင်တင်ရွာမှ ရွာသားတို့သည် မူလက မြင်းအမှုထမ်းများဖြစ်ခဲ့ကြပြီး မင်းတုန်းမင်းလက်ထက် ရောက်သောအခါ လယ်တော်အမှုထမ်းသို့ ပြောင်းလဲလာသည်ကို တွေ့ရသည်။[၈၃]

ကျေးရွာသူကြီးများ၏ အဓိကတာဝန်မှာ သူခိုးနှင့် လုယက်မှုများမှ ကင်းစေရန်ဖြစ်သည်။ ဘုရင်အပေါ်တွင် သစ္စာရှိစွာ အမှုထမ်းကြသည်။ ထိုသို့အမှုထမ်းရာတွင် ရဲစွမ်းသတ္တိနှင့် ပြောင်မြောက်သောစွမ်းရည်ကို ပြသနိုင်လျှင် ဘုရင်ထံမှ ဆုရရှိနိုင်သည်။ ဘုရင်က တောင်းဆိုလာလျှင် ပြည်သူတို့သည် အခွန်အတုတ်အပြင် လုပ်အားခွန် အခြားငွေကြေးများပေးဆောင်ရသည်။ ကျေးရွာသူကြီးတစ်ယောက်ကို စစ်ရေးခေါင်းဆောင်၊ အခွန်ကောက်ခံသူ၊ တရားစီရင်ဆုံးဖြတ်သူ၊ ဘုရားတကာ၊ ကျောင်းတကာရွာသူ

---

[၇၄] Dr Than Tun, The Royal Order of Burma (AD 1598-1885), Kyoto, The centre for Southeast Asian studies, Kyoto University, Vol.IX 1989, p.506 (Henceforth: Than Tun, 1989)

[၇၅] Than Tun, Vol.IX, 1989, p.567

[၇၆] Than Tun, Vol.IX, 1989, p.506

[၇၇] Than Tun, Vol.IX, 1989, p.506

[၇၈] Than Tun, Vol.IX, 1989, p.534

[၇၉] Than Tun, Vol.IX, 1989, p.506

[၈၀] Than Tun, Vol.IX, 1989, p.567

[၈၁] Than Tun, Vol.IX, 1989, p.742

[၈၂] Than Tun, Vol.IX, 1989, p.177, 759

[၈၃] ၁၂၂၃ ပေါင်းဆုတ် ၃ ပြန် အမိန့်တော်၊ ပုရပိုက်မူ၊ ဒေါက်တာတိုးလှစာစု

ရွာသားတို့ ကျေးဓူးရှင်၊ ကျေးရွာ အုပ်စိုးသူ၊ ငွေချေးသူ၊ မြေပိုင်ရှင်၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အဖြစ် အခန်းကဏ္ဍအမျိုးမျိုးတွင် တွေ့ရှိနိုင်သည်။

များစွာသော ကျေးရွာသူကြီးများသည် မျိုးရိုးအစဉ်အလာအရ ဆက်ခံသူများဖြစ်သည်။ နန်းတွင်း အာဏာသိမ်းမှုများ၊ လုပ်ကြံမှုများတွင် မပါဝင်ပါက မည်သို့သော အကြောင်းပြချက်နှင့်မှ ဖယ်ရှားခြင်း မပြုနိုင်ချေ။ တာဝန်များကို သက်ဆုံးတိုင်ထမ်းဆောင်သည်။ သို့သော်အသက်အရွယ်ကြီးလာပြီး မကျန်း မမာဖြစ်ပါက နေ့စဉ်အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရန် သားကြီးဖြစ်သူက ဆက်ခံပိုင်ခွင့်ရှိသည်။ ထိုသို့ဆက်ခံမှုကို အများကလက်ခံပြီးအားပေးသော အလေ့အထရှိခဲ့သည်။ ၉ ဩဂုတ် ၁၇၉၅ ဥပဒေအရ မုန်ချိုကျေးရွာမှ သူကြီးသေဆုံးသောအခါ သူ့နေရာတွင်၁၁၄၅ စစ်တမ်းအရ သူကြီးအမျိုးအနွယ်ကို သာ ခန့်အပ်ခဲ့သည်။[၉၄] လွှတ်တော်၏ ခွင့်ပြုချက်ရမှသာ သူကြီးသစ် (သို့မဟုတ်) ဒေသဆိုင်ရာ အရာရှိ ခန်အပ်ခွင့်ရှိသည်။ သူကြီးသည် သူ၏ ရာထူးဆက်ခံရန်ဆက်ခံမည့်သားသမီးမရှိပါက ဆွေမျိုးထဲမှ ရွေးချယ်ရသည်။ အကယ်၍ ဆွေမျိုးမရှိကအသည် သို့မဟုတ် အများစုမှ သဘောတူသော သူကြီးကို ရွေးချယ်ရပြီး အမှုထမ်းစေသည်။

ဘုရင်၏သူကြီးခန့်စာကို ထန်းရွက်ပေါ်တွင် စာတစ်ကြောင့်ဖြင့် ရေးသားပြီး ထုတ်ပြန်လေ့ရှိ သည်။ ထိုတစ်ကြောင်းပေါ်တွင် ဘုရင်ခံတံဆိပ်ခပ်နှိပ်ရမည်ဖြစ်သည်။ ထို့ပြင် ၂ ကြောင်း စာချွန်တော် လည်း တွေ့ရသည်။ ယင်းမှာ လွှတ်တော်က ထုတ်ပြန်သောစာဖြစ်သည်။

သာယာဝတီမင်း(အေဒီ ၁၈၃၇–၄၆) လက်ထက်တွင် ဟသာ်မြို့[၉၅]၌ လူမှုရေးမငြိမ်သက်မှုပေါ် ပေါက်ရခြင်းမှာ မြို့သူကြီးကို တရားမဝင‌ခန့်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင်ဟသာ်မြို့ကို ငရွှေမင်းအုပ် ချုပ်ခဲ့သည် ငရွှေမင်သည်အသက်အရွယ်ကြီးမြင့်လာပြီဖြစ်၍ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်တော့သဖြင့် သူ၏ သားကြီး ငလောက်ကို ရာထူလွှဲပြောင်းပေးခဲ့သည်။ငလောက်သည် အုပ်ချုပ်ရေးပိုင်းတွင် ဗဟိုအစိုးရမှ ချမှတ်သော တာဝန်ကို ကျေပြွန်စွာထမ်းဆောင်နိုင်ကြောင်း မှတ်တမ်း ထဲတွင် ဖော်ပြထားသည်။ သူ၏လက်ထောက်များနှင့်မြို့လူထုက ငလောက်ကိုချစ်ခင်ကြသည်။ သာယာဝတီမင်းရွှေဘိုသို့ ထွက်တော်မူပြီး မင်္ဂလာတပ်တော်တွင် စခန်းချသောအခါတွင်လည်း

---

[၉၄] Than Tun, Vol.V, 1986, p.105, 607

[၉၅] အရာတော်မြို့နယ်တွင်တည်ရှိသည်။

နောက်လိုက် လက်နက်ကိုင် ၇၀ နှင့် ငလောက် ပါဝင်ခဲ့သည်။ ထို့ကြောင့်ဘုရင်က ငလောက်ကို ရန္တသူ ဘွဲ့ချီးမြှင့်ခဲ့သည်။

ဟသာ်မြို့သည် သေနတ်ကိုင်အမှုထမ်းများ နေထိုင်ရာမြို့ဖြစ်သည်။ ဘုရင်သည် သေနတ်ကိုင် စစ်သား ၁၀၀၀ စည်းရုံးခဲ့ပြီး ဟသာ်မြို့တွင် အသစ်ဖွဲ့စည်းထားသော စစ်သား ၅၀ အမှုထမ်းစေခဲ့သည်။ ရန္တသူ၏အုပ်ချုပ်မှုအောက်တွင် မြို့သည်ငြိမ်သက်အေးချမ်းခဲ့သည်။ ငလောက်မရှိတော့သည့်အခါ သူနှင့် ညီအစ်ကိုတော်စပ်သော နေပြည်တော်မှာနေသော ငမှုံသည် နောက်လိုက်များနှင့် ကျေးရွာရောက်ရှိလာခဲ့ သည်။ ငမှုံသည် မြို့သူကြီးအယောင်ဆောင်ပြီး ခန့်စာမပါဘဲရောက်ရှိလာခြင်းဖြစ်သည်။ မြို့လူထုထံမှ အခွန်တော်နှင့် ကြေးအမျိုးမျိုး တောင်းခံလာသည်။ မကြာခင် မြို့အုပ်ရာထူးများစွာသော မိသားစုများ၊ ရွာမှ ထွက်ခွာသွားကြသည်။ ထွက်ခွာသွားကြခြင်းမှာ ငမှုံ၏ကြမ်းတမ်းသော အုပ်ချုပ်မှုကြောင့်ဖြစ်သည်။ သီရိရဲလှရွှေတောင်သည် သေနတ်ကိုင် ဗိုလ်မှူးဖြစ်ခဲ့ပြီး ကျေးရွာသူကြီးများနှင့်အတူ လွှတ်တော်တွင် ပြည်သူလူထု၏နစ်နာချက်များကိုတင်ပြခဲ့သည်။

ထိုပြဿနာသည် လွှတ်တော်သို့ရောက်ရှိလာပြီး ငမှုံကို အရေးယူမှုများပြုလုပ်လာသည်။ ငမှုံကို ထိတ်တုံးခတ် အကျဉ်းချခဲ့သည်။ ငမှုံကို စစ်ဆေးမေးမြန်းရာတွင် သူကြီးအဖြစ် ခန့်အပ်ခြင်းသည် အမှန် ဖြစ်သော်လည်း ခန့်အပ်လွှာလက်ထဲမရောက်ဘဲ တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ ဝန်ကြီးနှင့်လွှတ်တော် ထဲမှ အလားတူ စာ(မိတ္တူ)ဖြင့်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ ငမှုံသည် မြို့လူထုအတွက် အခွန် ကောက်ရာတွင် ပုံစံ ၂ မျိုးဖြင့် ကောက်ခံခဲ့သည်။ နယ်စာအတွက် အခွန်ကောက်ခံခြင်းနှင့် ရုံးသိမ်း အခမ်းအနားအတွက် အခွန်ကောက်ခံခြင်းဟူ၍ဖြစ်သည်။ အခွန်ကောက်ရာတွင် နောင်လာမည့် သူကြီးနှင့် နယ်စားသစ်အတွက် ငွေကြေးထည့်ဝင်ရန်ဖြစ်သည်။ [၈၆] ခန့်အပ်လွှာထုတ်ပြန်မပြီးမချင်း ရုံးရာအလိုက် ဆက်ခံခြင်းမပြုရချေ။ ဘုရင်က ခန့်အပ်လွှာကို ထန်းရွက်ပေါ်တွင် တစ်ကြောင်းစာချွန်ဖြင့် ရေးသားထား ပြီး စာအစအဆုံးပါရှိသည့်အပြင် ဘုရင့်တံဆိပ်လည်း ပါရှိသည်။ လွှတ်တော်မှ သူကြီးဦးဆောင်မှုကို နာခံရန် ခန့်အပ်ထားသောသူကြီးကို အောင်မြင်စွာတာဝန်ထမ်းဆောင်ရန် နှင့် အထူးတာဝန်များကို ထမ်းဆောင်ရန် ကြေညာချက်ထုတ်ပြန်ပြီးညွှန်ကြားခဲ့သည်။ သံဃာအဖွဲ့အစည်းမှ သာသနာပိုင်သည် ညွှန်ကြားချက် ထုတ်ပြန်ပြီး နယ်အသီးသီးရှိဂိုဏ်းအုပ်ဂိုဏ်းချုပ်များက အုပ်ချုပ်သော အကြီးအကဲကို

[၈၆] ရေဦးဦးသောင်းစာစုများ

ကောင်းသောအလုပ်လုပ်ရန်နှင့်မှားယွင်းသော အလုပ်လုပ်မိပါက အပြစ်တင်ဆုံးမရန် သာသနာက ညွှန်ကြားခဲ့သည်။

ဗဒုံမင်း၏ ၁၁ နိုဝင်ဘာ ၁၈၁၇ အမိန့်တော်တွင် ရွာ ၁၀ ရွာတွင်သူကြီး ၁၀ယောက်ခန့်ထား ကြောင်းပါရှိသည်။ ထိုရွာများမှာ

ကံသစ် (ဘုတလင်)

ကင်စမ်း(ဘုတလင်)

ကြေးဗဒုံ (ဘုတလင်)

မကျီးစောက် (ဒီပဲယင်း)

မောင်ထောင်(ဘုတလင်)

မုံရွာ

ညောင်ကြီး

ငပယင်း

ဇရ

ဇရပ်ဖြူ (စစ်ကိုင်း) တို့ဖြစ်ကြသည်။[၈၇]

မင်းတုန်းမင်းလက်ထက်တွင် ရွာပေါင်း ၄၄ ရွာတွင် သူကြီးများကို တစ်ပြိုင်တည်းခန့်အပ်ကြောင်း ဒီပဲယင်းမြို့နှင့် ရေဦးမြို့တို့တွင် တွေ့ရသည်။

ထိုရွာများမှာ

ကုက္ကုမ (ရေဦး)

ကုန်းတော်

ကျင်ခတ်

ကြည်

ခြုံ

---

[၈၇] (က) Dr Than Tun, The Royal Orders of Burma (AD 1598-1885), Kyoto, The Centre for Southeast Asian Studies,Kyoto University, Vol.VII, 1988, p.475 (Henceforth: Than Tun, Vol.VII, 1988)

(ခ) Dr Than Tun, The Royal Orders of Burma (AD 1598-1885), Kyoto, The Centre for Southeast Asian Studies,Kyoto University, Vol.VIII, 1988, p.409 (Henceforth: Than Tun, Vol.VIII, 1988)

ဆင်ခြုံ

ဆင်ရောက်

ဆတ်သေ (ရေဦး)

ဆိုင်ပြင်

ဆည်သာမြေ (ရေဦး)

ဇဝ(ရေဦး)

ညောင်လှ

တနယ်ငယ်

တောင်ခွင်

တောင်မောင်(ရေဦး)

ထန်းတပင်

ထန်းသီးတောင်(ရေဦး)

နွားမြ

ပုဂံ

ပန်းတုံ

ပြင်တောင် (ရေဦး)

ဖေါင်တော်ဂူ

ဗုဒ္ဓဟူ(ရေဦး)

ဘိန်းခ (ရေဦး)

မကျီးအုပ်

မရကန် (ရေဦး)

မိတ္ထိလာ (ရေဦး)

မင်းရွှေနှစ်

မုံတိုင်ပင် (ရေဦး)

မြို့သစ်

ယင်းရဲ

ရတနာ (တန့်ဆည်)

ရွာအိုင်း

ရွာစီ

ရွာတင်ကြီး

ရွာရှီ

ရွာသစ်ကြီး

ရွှေဓားဂံ

လျော်ဖြူ

သရက်တော

အဘယ

အိမ်ဘောက်

အောက်ဂဲဇင် (ရေဦး)

အုပ်ရှစ်ကြီး (ရေဦး) တို့ဖြစ်ကြသည်။[၈၈]

အမိန့်တော်များသည် ကျေးလက်ဒေသများအကြောင်းသတင်းပေးနေသည်။ အချို့သော ကျေးရွာများသည် ရွာအမည်ပြောင်းထားသောကြောင့် တည်နေရာအတိအကျ မသိနိုင်ချေ။ ကျေးရွာသူကြီးများသည် ဘုရင်၏အကျိုးစီးပွားကို ထိခိုက်အောင်မလုပ်ရန် ညွှန်ကြားထားသည်။ ကျေးရွာသူကျေးရွာသားတို့သည် ခေါင်းဆောင်၏ အမိန့်ကိုနာခံကြရသည်။ ဘုရင်၏အကျိုးစီးပွားကို ထိခိုက်အောင်မလုပ်ရန် သူကြီးကစည်းမျဉ်းကျင့်ဝတ်သီလကို စောင့်ထိန်းရန်ဘုရင်က ညွှန်ကြားထားပြီး အထက်က တောင်းသောငွေကို ထည့်ဝင်ရန်ဖြစ်သည်။

ဓါးပြရန်မှ ကာကွယ်ပေးနိုင်ခြင်းမရှိလျှင် အချို့သော သူကြီးများကို ရာထူးမှ ဖယ်ရှားရန် ဗဒုံမင်းက ၁၃ဧပြီ ၁၈၁၃ တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ တရားဥပဒေဖြင့် ဓါးပြများကို ဖယ်ရှားခြင်းမပြုနိုင်က ထိုသူကြီးကို ရာထူးမှ ဖယ်ရှားပြီး ကျေးရွာသူခိုးနှင့် ဓါးပြရန်မှ အေးချမ်းအောင် ဆောင်ရွက်နိုင်သူကိုသာ

[၈၈] တိုးလှ၊ ၁၉၉၅၊ စာ ၄၁-၄၂

သူကြီးအဖြစ်ခန့်ထားရန် အမိန့်တော်ကဖော်ပြခဲ့သည်။[၅၉] ကုန်းဘောင်ခေတ်အစောပိုင်း (၁၈၁၀) ဝန်းကျင်ခန့်တွင် မြန်မာနိုင်ငံအနှံ့အပြား၌ လူမှုရေးမငြိမ်သက်မှုများပေါ်ပေါက်လာသည်။ ဓါးပြတိုက်မှုများသည် စစ်ကိုင်းနယ်အတွင်းရှိ ကျောက်ရစ်၊ လယ်ကြီး၊ မောင်းထောင်၊ မြောင်၊ မြင်းမွေး၊ နဘက်၊ တေရော်၊ ပဲခွဲ၊ ရွာသစ်ကြီးရွာများတွင် ဖြစ်ပွားခဲ့သည်။[၆၀] ဓါးပြများသည်အမြင့်မှ ဗဒုံအထိ အနှံ့အပြားရောက်ရှိသွားကြသည်။ ဘုရင်သည် ရွှေတောင်သီဟကျော်စွာကိုသူကြီးများဖြင့် ပူးပေါင်း၍ ခြေမှုန်းရန် အမိန့်ထုတ်ခဲ့သည်။[၆၁]

ဟန်လင်းသည် ထိုအချိန် ဓါးပြများကြောင့် မငြိမ်မသက်ဖြစ်သော အချိန်ဖြစ်သည်။[၆၂] ဓါးပြများ၏ ဌာနချုပ်လည်း ဖြစ်ခဲ့သည်။ မန်ကျီဒုံနှင့် ရွာသစ်ကြီးတွင်လည်း ဓါးပြတိုက်မှုများ ဖြစ်ပွားခဲ့သည်။[၆၃] ဓါးပြတိုက်မှုသည် စစ်ကိုင်းနယ်အထိ ရောက်သွားသ်။ အောင်သော၊ ပချိ၊ အုန်းတော သဇင်ဇရပ်တော်တို့မှ အမှုထမ်းနှင့်ကျေးလက်ပြည်သူတိုပသည် ဓါးပြများကို ဖမ်းဆီးကြသည်။[၆၄] သီပေါမင်းနန်းကျခါနီး ၇ မတ် ၁၈၈၅ တွင် အင်အား ၂၀၀ ကျော်ရှိသော ဓါးပြများသည် သေနတ်၊ ဓါး၊ လှံများကို ကိုင်ဆောင်လျက် စစ်ကိုင်းနယ် အတွင်းရှိ မက်ထိ၊ ဆားတောင်ကြီးရှင်ပြုအလှူပွဲကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ပစ္စည်းဥစ္စာရွှေငွေ လက်ဝတ် ရတနာနှင့် အဝတ်အထည်များ အမြောက်အများပါသွားခဲ့ကြသည်။ ကျော်ကြားသောဘုန်းကြီးများ၊ မင်းဆရာကိုပင် လုယက်မှုများဖြစ်ပွားခဲ့သည်။[၆၅]

မူးမြစ်ဝှမ်းဒေသအတွင်းတွင်အမှုထမ်းပြည်သူ၊နိုင်ငံခြားသားနှင့်တိုင်းရင်းသားတို့ကြားတွင်လူမှုရေးပြဿနာများမရှိခဲ့ချေ။ လူမျိုးစုများအဖြစ် ခရစ်ယာန်ဘာသာကိုးကွယ်သော ဘုရင်ဂျီ၊ နတ်ကိုးကွယ်မှုရှိသော လဝလူမျိုး၊ အစ္စလာမ်ဘာသာကိုးကွယ်သော မွတ်စလင်၊ ဗုဒ္ဓဘာသာ ကိုးကွယ်သော ရှမ်းဗမာလူမျိုးများရှိခဲ့သည်။ သီးခြားကျေးရွာများလည်း တည်ထောင်လာကြသည်။ အများစုမှာ ဗမာလူမျိုးများဖြစ်သည်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူနတ်ကိုးကွယ်မှု၊ အစ္စလာမ်၊ ခရစ်ယာန်ဟု ခြားနားသော အယူဝါဒများရှိသော်လည်း သူ့ဘာသာနှင့်သူ ငြိမ်းချမ်းစွာ ကိုးကွယ်မှုများ ရှိခဲ့ကြသည်။

---

[၅၉] Royal Order dated 13 April 1811, Than Tun, Vol. VII, 1988, p.307
[၆၀] Royal Order dated 15 August 1811, Than Tun, Vol. V, 1988, p.110, 618
[၆၁] Royal Order dated 18 October 1811, Than Tun, Vol. VII, 1988, p.237
[၆၂] Royal Order dated 7 October 1811, Than Tun, Vol. VII, 1988, p.229
[၆၃] Royal Order dated 13 October 1811, Than Tun, Vol. VII, 1988, p.233
[၆၄] Royal Order dated 6 January 1811, Than Tun, Vol. VII, 1988, p.164
[၆၅] မန္တလေးတက္ကသိုလ်စာကြည့်တိုက်စာစုများ၊ ပုရပိုက်နံပါတ် ၅၈

အချုပ်အားဖြင့် မူးမြစ်ဝှမ်းရှိ ဒေသများသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးဖြစ်ထွန်းသော ကြောင့် ဖွံ့ဖြိုးသောဒေသဖြစ်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုး၍ လူနေမှုအဆင့်တွင် နေပျော်ထိုင်ပျော်ရှိခဲ့သည်။ ဒေသနေ ပြည်သူအများစုသည် တိုင်းပြည်အတွက် အသက်စွန့်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြည်သူလူထု အများစုသည် တိုင်းပြည်အတွက်အသက်စွန့်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြည်သူလူထုအများစုသည် မင်းမှုထမ်းများဖြစ်သောကြောင့် အုပ်စိုးသောဘုရင်သည် မင်းမှုထမ်းများအပေါ် အားထားနေရသည်။ အတွင်းပိုင်းကျသော အချို့ဒေသများတွင် ၄ နှစ် တစ်ကြိမ်၊ ၅ နှစ်တစ်ကြိမ် မိုးခေါင်သည်နှင့် ကြုံတွေ့ရ တတ်သည်။ ထိုသို့သော အခြေအနေနှင့် ကြုံတွေ့လာရသောအခါ အခွန်ဆေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရခဲ့ သည်။ ထို့ပြင် စပါးများလည်းဝေငှပေးခဲ့သည်။ ဤသို့ဖြင့် မမျှော်လင့်သောအန္တရာယ်များနှင့် ကြုံတွေ့ လာသောအခါ အစိုးရသည် ပြည်သူတို့ကို သက်သာခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

## ကျမ်းကိုးစာရင်း

**မူရင်းအထောက်အထားများ**

**ပုရပိုက်**

၁၂၂၃ ပေါင်းဆုတ် ၃ ပြန်အမိန့်တော်၊ ပုရပိုက်မူ၊ ဒေါက်တာတိုးလှစာစု

ပုရပိုက်နံပါတ် ၂၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ပုရပိုက်နံပါတ် ၁၅၀၄၀၊ အမျိုးသားစာကြည့်တိုက်

ပုရပိုက်နံပါတ် ၂၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ပုရပိုက်နံပါတ် ၅၈၊ မန္တလေးတက္ကသိုလ်စာကြည့်တိုက်စာစုများ၊

တစ်ဆင့်ခံအထောက်အထားများ

မြန်မာဘာသာဖြင့် ထုတ်ဝေသောစာအုပ်များ

ကုလား၊ ဦး၊ မဟာရာဇဝင်ကြီး၊ ပထမတွဲ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁

ငြိမ်းမောင်၊ ဦး၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၈၈၊ အတွဲ ၄

တိုးလှ၊ ကုန်းဘောင်ခေတ်ကျေးလက်လူမှုစီးပွားဘဝ (၁၇၅၂–၁၈၈၅)၊ ရန်ကုန်၊ တက္ကသိုလ်များ၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၂

တိုးလှ၊ ချင်းတွင်းမြစ်သာမူးဇရော၊ ရန်ကုန်၊ ဒေါ်ချိုမုံရွာအော့ဖ်စက်၊ ၁၉၉၅

တိုးလှ၊ ပုဂံလွန်ခေတ်လူမှုအဖွဲ့အစည်း၊ သုတေသနစာတမ်း၊ ၃၁ ဩဂုတ် ၂၀၀၃ တွင် ဒေါက်တာသန်းထွန်း၊ သဘာပတိပြုလုပ်ပြီး ဖတ်ကြားသော သုတေသနစာတမ်း

တိုးလှ၊ မြန်မာ့လယ်ယာနှင့် မြန်မာ့လူမှုဓလေ့၊ လက်နှိပ်စက်မူ

တိုးလှ၊ ဒေါက်တာ၊ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်၊ ရန်ကုန်၊ စာပေလောက စာအုပ်တိုက်၊ ၁၉၉၃

တင်၊ ဦး၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ရာဇတ်ခေါ်သော အမိန့်တော်တမ်းကြီး၊ အတွဲ–၅၊ ရန်ကုန်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ၁၉၈၃

ပါဠိဆရာ၊ ဆရာဝ၊ စစ်ကိုင်းတောင်နှင့်ဖိုးဝင်းတောင်အကြောင်း၊ ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၊ ၁၉၃၈

ဖာနီဗဲလ်၊ ဂျေအက်စ်နှင့် ဒေါက်တာဖေမောင်တင် စမ္ဗူဒီပဥဆောင်းကျမ်း၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀

မောင်မောင်တင်၊ ဦး၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ၃ တွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၀၀

မောင်မောင်တင်၊ ဦး၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၅

ရှေးဟောင်းစာပေသုတေသီတစ်ဦး၊ ရှေးခေတ်မြန်မာနိုင်ငံ မြို့ရွာနယ်ပယ်သမိုင်း၊ သက္ကရာဇ် ၉၉၉ စစ်တမ်းများ

သက္ကရာဇ် ၁၂၄၆ ခု၊ တပိုတွဲလဆန်း ၁ ရက်နေ့ (၁၆ ဇန်နဝါရီ ၁၈၈၅) နာခံတော်မင်းလှ၊ မင်းလှမင်းထင်ကျော် နေ့ပြန်အမိန့်တော်၊ တော်စိန်ခို၊ လွှတ်တော်မှတ်တမ်း၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၆၀

သန်းထွန်း၊ ပုဂံခေတ်နိုင်ငံရေးသမိုင်း၊ ရန်ကုန်၊ ဖိုးဝအော့ဖ်ဆက်၊ ၂၀၀၅

သန်းထွန်း၊ ဒေါက်တာ၊ မြန်မာ့သမိုင်းရှာပုံတော်၊ ရန်ကုန်၊ ဒေါင်းစာပေ၊ ၂၀၀၃

**အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသောစာအုပ်များ**

Lan C. Glover, Dr., Observations on a visit to the Nyaunggan Archaeological site, Myanmar, January 2nd -4th 1999 and comments on the Luture possibilities of research there

Myint Aung, U, “The Excavations at Hanilin”, Journal of the Burma Research Society, Llll, ii 1970

Proceeding of the Workshop on Bronze Age Culture in Myanmar, Yangon, Universities Historical Research Centre, 1999

Scott, J. George and J.P Hardiman, Gazetteer of Upper Burma and the Shan States, Part.I, vol.ii, Rangoon, Superintendent, Government Printing, 1901

Than Tun, North-South Alignment of Burma’s old Walls, Tonan A Jia, Kenkya, Vol.14, No.4, March 1977

Than Tun, Dr., *The Royal Orders of Burma (A.D. 1598-1885)*, Kyoto, The cnetre for Southeast Asian studies, Kyoto University, Vol.V, 1986

Than Tun, Dr., *The Royal Orders of Burma (A.D. 1598-1885)*, Kyoto, The cnetre for Southeast Asian studies, Kyoto University, Vol.VII, 1988

Than Tun, Dr., *The Royal Orders of Burma (A.D. 1598-1885),* Kyoto, The cnetre for Southeast Asian studies, Kyoto University, Vol.VIII, 1988

Than Tun, Dr., *The Royal Orders of Burma (A.D. 1598-1885),* Kyoto, The cnetre for Southeast Asian studies, Kyoto University, Vol.IX, 1989

Toe Hla, "Money Lending and Contractual *Thet-kayits*" (A Socio-Economic Pattern of the Later Kon-baung Period, 1819-1885), Ph.D Dissertation, Submitted to Nothern Illinois University, 1987

Trager, F.N and W.J. Koening, *Burmese Sit-tans, 1764-1826* (Records of Rural life and Administration), Tucson, The University of Arizona Press, 1979)